မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၂၁ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် ( ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၈/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက်)

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၈) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးညွန့်စိန်

(၂) ဦးသက်ထွန်း

(၃) ဦးမြင့်အောင်

(၄) ဦးစောဒယ်နီရယ်ကြည်

(၅) ဦးအောင်စိုးဝင်း

(၆) ဦးသန်းအောင်

(၇) ဦးမင်းဆွေ

(၈) ဦးဆွေတင့်လွင်

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၉/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

### တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တာဝန်မှရပ်စဲခြင်း

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် ကို ယနေ့မှစ၍ တာဝန်မှရပ်စဲလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးကိုလေးဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာစိုးဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ဝန်ထမ်းရေးရာ)<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်)

### အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ အခန်း (၃)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၅) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဌာနချုပ်မှူး<br>တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောသုတေသနဌာန (ရေဆင်း)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၂)၊ အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (၁၈) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |
| (၁၉) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | အဖွဲ့ဝင် |
| (၂၀) | ဥက္ကဋ္ဌ<br>အမျိုးသားပညာရေးမူဝါဒကော်မရှင် | အဖွဲ့ဝင် |
| (၂၁) | ဥက္ကဋ္ဌ<br>ပါမောက္ခချုပ်များကော်မတီ | အဖွဲ့ဝင် |

(၂၂) ဒေါက်တာဦးသိန်းဦးဘိုးစော — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့

(၂၃) ဦးဇော်နိုင်သိန်း — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ (၁)
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (ဗဟို)

(၂၄) ဒေါက်တာဇော်မင်းအောင် — အဖွဲ့ဝင်
အလုပ်အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

(၂၅) ဦးမျိုးမြင့် — အဖွဲ့ဝင်
အထွေထွေအတွင်းရေးမှူးချုပ်
မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်

(၂၆) ဦးအောင်မြင့် — အဖွဲ့ဝင်
အသင်းတည်ထောင်သူ (ကျွမ်းကျင်ပညာရှင်)
မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း

(၂၇) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ပညာရေးဝန်ကြီးဌာန

(၂၈) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်)

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီတွင် အဖွဲ့ဝင်ထပ်မံဖြည့်စွက်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့အား အဖွဲ့ဝင်များအဖြစ် ထပ်မံဖြည့်စွက် ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/ ၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

**တီထွင်မှုမူပိုင်ခွင့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **တီထွင်မှုမူပိုင်ခွင့် ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊<br>
ညွှန်ကြားရေးမှူးချုပ်၊<br>
ပြည်ထောင်စုလွှတ်တော်ရုံး။

# တီထွင်မှုမူပိုင်ခွင့်ဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇။)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို တီထွင်မှုမူပိုင်ခွင့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **အေဂျင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို ဆိုသည်။

(စ) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဇ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးမှုများဆောင်ရွက်သည့် ဦးစီးဌာနရှိ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် အဆင့်ရှိသော အရာရှိကို ဆိုသည်။

(ဈ) **မူပိုင်ခွင့် (Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသောမူပိုင်ခွင့်အမျိုးအစားများလည်း ပါဝင်သည်။

(ည) **တီထွင်မှု**ဆိုသည်မှာ နည်းပညာနယ်ပယ်ရှိ သီးခြားအခက်အခဲပြဿနာတစ်ရပ်ကို ဖြေရှင်းပေးနိုင်သည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ ဖန်တီးမှုကို ဆိုသည်။ ယင်းစကားရပ်တွင် အသေးစားတီထွင်မှုလည်း ပါဝင်သည်။

(ဋ) **တီထွင်မှုမူပိုင်ခွင့်**ဆိုသည်မှာ တီထွင်မှုတစ်ခုကို အကာအကွယ်ပေးရန် ဤဥပဒေအရ ခွင့်ပြုသည့် မူပိုင်ခွင့်ကို ဆိုသည်။

(ဌ) **အသေးစားတီထွင်မှု** ဆိုသည်မှာ ထုတ်ကုန်တစ်ခု၏ ပုံပန်းသဏ္ဌာန် သို့မဟုတ် အစိတ်အပိုင်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံအသစ်ကိုဖြစ်စေ၊ အသုံးဝင်မှု သို့မဟုတ် လုပ်ဆောင်မှုတိုင်းကို မြှင့်တင်ပေးနိုင်သည့် ထုတ်ကုန်၏ အစိတ်အပိုင်းတစ်ခုကိုဖြစ်စေ ဖန်တီးထားသော နည်းပညာဆိုင်ရာ ဖန်တီးမှုတစ်ရပ်ကို ဆိုသည်။

(ဍ) **တီထွင်မှုမူပိုင်ခွင့်ရရှိသူ**ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် တီထွင်မှုမူပိုင်ခွင့် ရရှိသူအဖြစ် အသိအမှတ်ပြုမှတ်တမ်းတင်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဎ) **တီထွင်သူ**ဆိုသည်မှာ တီထွင်မှုတစ်ခုခုကို ပြုလုပ်သည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဏ) **အခွင့်အရေးရရှိသူ**ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် ယင်း၏အခွင့်အရေးများကို တရားဝင် ခံစားခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(တ) **သာမန်တတ်ကျွမ်းသူ**ဆိုသည်မှာ သက်ဆိုင်သည့် တီထွင်မှုဆိုင်ရာနည်းပညာနယ်ပယ် သို့မဟုတ် ယင်းနှင့်ဆက်စပ်မှုရှိသော နည်းပညာနယ်ပယ်တွင် ကျွမ်းကျင်သူမဟုတ်သည့် ယေဘုယျ သိရှိနားလည်သူကို ဆိုသည်။

(ထ) **အလုပ်ရှင်**ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက်သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအတွက် လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှရပ်စဲရန် တာဝန်ရှိသူတစ်ဦးဦး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင် လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ တရားဝင်အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။

(ဒ) **အလုပ်သမား**ဆိုသည်မှာ မိမိ၏ ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူကို ဆိုသည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဝန်ထမ်းများလည်း ပါဝင်သည်။

(ဓ) **အဖွဲ့ဝင်နိုင်ငံ**ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။

(န) **မူပိုင်ခွင့်တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သောတရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးကိုသော်လည်းကောင်း ဆိုသည်။

(ပ) **ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ပုဒ်မ ၄၃ ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

(ဖ) **ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ပုဒ်မ ၄၄ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် တီထွင်သူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊

(ခ) နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူးလွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) တီထွင်သူများနှင့် တီထွင်မှုကိုအသုံးပြုသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးများကို အပြန်အလှန် အကျိုးပြုစေရန်၊

(ဃ) တီထွင်သူများနှင့် တီထွင်မှုကိုသုံးစွဲသူများ၏ အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများ အကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်၊

(င) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အခွင့်အရေးရရှိသူမှ တီထွင်မှုမူပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ကုန်သွယ်မှုတွင် သင့်တင့်မျှတမှုမရှိဘဲ ထိန်းချုပ်ထားခြင်းတို့ကို ဟန့်တားနိုင်ရန်၊

(စ) တီထွင်ဖန်တီးသော လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်ရေးအတွက် အားပေးရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) | အခြားသင့်လျော်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၅) | လေးဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ | အဖွဲ့ဝင် |
| (၆) | အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင် |
| (၇) | နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |
| (၈) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

(ခ) အေဂျင်စီကတင်ပြလာသည့် မလွဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးနိုင်ရေးအတွက် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ဃ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးနှင့် အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူပိုင်ခွင့်စနစ်ဖြင့် အားပေး မြှင့်တင်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(င) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့် ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(စ) မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာကျင့်သုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ဆ) နည်းပညာနှင့် အခြားလိုအပ်သည့်အထောက်အပံ့များရရှိစေရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ဆောင်ရွက်ပေးခြင်း၊

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## အေဂျင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဗဟိုကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဗဟိုကော်မတီ၏ အတွင်းရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အေဂျင်စီနှင့် သက်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၃) | ရှစ်ဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ | အဖွဲ့ဝင် |
| (၄) | ငါးဦးထက်မပိုသော အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၅) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (၆) | ဦးစီးဌာန၏ ဌာနခွဲတာဝန်ခံများ | တွဲဖက်အတွင်းရေးမှူးများ |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောအေဂျင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့်လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်စနစ်ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီက ချမှတ်သော တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဆ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဇ) တီထွင်မှုမူပိုင်ခွင့် သတင်းအချက်အလက်များ အသုံးပြုမှု မြှင့်တင်ပေးခြင်းဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊

(ဈ) မှတ်ပုံတင်အရာရှိမှ တင်ပြလာသည့် မလွဲမသွေပေးရမည့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုအား အဆုံးအဖြတ်ပြုခြင်း၊

(ဋ) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဌ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဍ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊

(ဎ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဏ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဂ) မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဖွဲ့စည်းထူထောင်ထားသည့် ဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အေဂျင်စီက အခါအားလျော်စွာ ပေးအပ်သော တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)
## မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း

၁၀။ ဝန်ကြီးဌာနသည် ဦးစီးဌာနတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကိုဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိနှင့် လိုအပ်သည့် စစ်ဆေးရေးအရာရှိတို့ကို အေဂျင်စီ၏တင်ပြချက်အရ ခန့်အပ်တာဝန် ပေးအပ်နိုင်သည်။

၁၁။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(ဃ) ဗဟိုကော်မတီနှင့် အေဂျင်စီတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများ တောင်းခံခြင်းတို့ကို မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို စစ်ဆေးပြီးနောက် ခွင့်ပြုရန် သင့် မသင့် သဘောထား မှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) အေဂျင်စီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၇)
## အကာအကွယ်ရရှိနိုင်သော တီထွင်မှုများ

၁၃။ တီထွင်မှုသည် အောက်ပါအချက်များနှင့်ညီညွတ်သည့်အပြင် ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိပါက တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ရရှိနိုင်သော တီထွင်မှုဖြစ်သည် -

(က) တီထွင်မှုအသစ်ဖြစ်ခြင်း

ရှင်းလင်းချက်။ ။ တီထွင်မှုသည် ယခင်ရှိပြီးသား နည်းပညာတစ်ခုအနေဖြင့်မရှိခဲ့လျှင် အသစ်ဖြစ်သည်။ ယခင်ရှိပြီးသား နည်းပညာဟုဆိုရာတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် နေ့ရက် သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆို လျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေးတောင်းဆိုသည့် နေ့ရက် မတိုင်မီ မည်သည့်နေရာတွင်မဆို တီထွင်မှုကို ပုံနှိပ်ထုတ်ဝေခြင်း၊ နှုတ်ဖြင့် ဖွင့်ဟပြောဆိုခြင်း၊ အသုံးပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြည်သူသို့ ထုတ်ဖော်အသိပေးထားသည့် သို့မဟုတ် ပြည်သူမှ ရယူအသုံးပြု နိုင်မည့် နည်းပညာများ ပါဝင်သည်။

(ခ) တီထွင်မှုအဆင့်တစ်ရပ်ပါရှိခြင်း

ရှင်းလင်းချက်။ ။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသည့် တီထွင်မှုကို သက်ဆိုင်ရာနည်းပညာ နယ်ပယ်တွင် ကျွမ်းကျင်သူတစ်ဦးက အလွယ်တကူ နားလည်နိုင်စွမ်းမရှိလျှင် ယင်းတီထွင်မှုသည် တီထွင်မှုအဆင့်တစ်ရပ်ပါရှိသော တီထွင်မှုဖြစ်သည်ဟု သတ်မှတ်ရမည်။

(ဂ) တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် အသုံးချနိုင်ခြင်း

ရှင်းလင်းချက်။ ။ တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် အသုံးချနိုင်ခြင်း ဆိုရာတွင် ယင်းတီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတွင် ပြုလုပ်နိုင်ရမည် သို့မဟုတ် အသုံးပြုနိုင်ရမည်။ စက်မှုလက်မှုလုပ်ငန်းဟူသော စကားရပ်တွင် ကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို ရှေးရှုသည့် လူမှုစီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများအဖြစ် ကျယ်ပြန့်စွာပါဝင်ပြီး အထူးသဖြင့် လက်မှုပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းများလည်း ပါဝင်သည်။

## အခန်း (၈)
## အကာအကွယ်မရရှိနိုင်သော တီထွင်မှုများ

၁၄။ (က) အောက်ပါတို့သည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်မရရှိနိုင်သော တီထွင်မှုများ ဖြစ်သည် -

(၁) ရှာဖွေတွေ့ရှိချက်များ၊ သိပ္ပံဆိုင်ရာ သီအိုရီများနှင့် သင်္ချာဆိုင်ရာ တွက်ချက်နည်းများ၊

(၂) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာအပြုအမူသက်သက်ဆောင်ရွက်ခြင်း သို့မဟုတ် ဂိမ်းများကစားခြင်းနှင့်စပ်လျဉ်းသည့် စနစ်များ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် နည်းလမ်းများ၊

(၃) ကွန်ပျူတာပရိုဂရမ်သက်သက်၊

(၄) ဇီဝမဟုတ်သော ထုတ်လုပ်မှုနည်းစဉ်နှင့် အဏုဇီဝထုတ်လုပ်မှုနည်းစဉ်များမှတစ်ပါး အပင်များ သို့မဟုတ် တိရစ္ဆာန်များကို စိုက်ပျိုးမွေးမြူရေးအတွက် အဓိကကျသော ဇီဝဆိုင်ရာ ထုတ်လုပ်မှုနည်းစဉ်များ၊

(၅) ပြုလုပ်ဖန်တီးထားသည့်အဏုဇီဝများမှတစ်ပါး သဘာဝတွင်တွေ့ရှိရသော သက်ရှိနှင့်ဇီဝပစ္စည်း တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း အပါအဝင် သတ္တဝါမျိုးနွယ်များနှင့် အပင်မျိုးစိတ်များ အားလုံး အကျုံးဝင်သည့် အပင်များနှင့် သတ္တဝါများ၊ ဒီအင်န်အေနှင့် ဒီအင်န်အေပါဝင်သော ဆက်တန်းများ (DNA-Including complementary DNA sequences)၊ ဆဲလ်များ (Cells)၊ ဆဲလ်လိုင်းများ (Cell Lines)၊ မွေးမြူထားသော ဆဲလ်များ (Cell Cultures) နှင့် မျိုးစေ့များ၊

(၆) လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်တွင် လက်တွေ့စမ်းသပ်ပြီး ရရှိလာသော ရောဂါရှာဖွေခြင်း နည်းလမ်းများအပါအဝင် လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်ကို ခွဲစိတ်ခြင်း သို့မဟုတ် ကုသခြင်းနည်းလမ်းများ၊

(၇) သဘာဝအတိုင်းရှိသည့် အရာဝတ္ထုများ၊ အသုံးပြုမှုအသစ်များနှင့် ပုံသဏ္ဌာန်အသစ်များ အပါအဝင် အများသိရှိထားပြီးဖြစ်သည့် အရာဝတ္ထုများ သို့မဟုတ် အခါအားလျော်စွာ သတ်မှတ်ဖော်ပြသည့် ဓာတုထုတ်ကုန်များ စသည်တို့နှင့်ဆက်နွယ်သည့် တီထွင်မှုများ၊

(၈) အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ လူ၊ တိရစ္ဆာန် သို့မဟုတ် အပင်ကိုဖြစ်စေ၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာ ထိခိုက်နိုင်သည့် တီထွင်မှုများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်၏ နယ်နိမိတ် အတွင်း အသုံးချမှုကို တားမြစ်ထားသော တီထွင်မှုများ။

(ခ) ဆေးဝါးနှင့်စပ်လျဉ်းသည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်သည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် မူပိုင်ခွင့်ဆိုင်ရာကောင်စီ၏ မူဝါဒအရ ပြည်ထောင်စု အစိုးရအဖွဲ့က သီးခြားထပ်မံ သတ်မှတ်ခြင်းမရှိလျှင် ၂၀၃၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့်အကာအကွယ်မရရှိသော တီထွင်မှုဖြစ်သည်။

(ဂ) အောက်ပါတို့သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် မူပိုင်ခွင့်ဆိုင်ရာ ကောင်စီ၏ မူဝါဒအရ ပြည်ထောင်စုအစိုးရအဖွဲ့က သီးခြားထပ်မံ သတ်မှတ်ခြင်းမရှိလျှင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်မရရှိသောတီထွင်မှုများ ဖြစ်သည် -

(၁) စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဗေဒထုတ်ကုန်များ၊

(၂) စားသောက်ကုန်များ၊

(၃) အဏုဇီဝပစ္စည်းများ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ အကာအကွယ် မရရှိစေသော ကာလများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် မူပိုင်ခွင့်ဆိုင်ရာ ကောင်စီ၏ သဘောတူညီချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း (၉)

## တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသူများ

၁၅။ (က) တီထွင်သူသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရန် အခွင့်အရေးရှိသူဖြစ်ပြီး အဆိုပါ တီထွင်မှု မူပိုင်ခွင့်တွင် အမည်သတ်မှတ်ဖော်ပြပိုင်ခွင့်ရှိသည်။ ထို့ပြင် တီထွင်သူ၏ လုပ်ကိုင်ခွင့် လွှဲအပ်ခြင်းခံရသူကဖြစ်စေ၊ လွှဲပြောင်းပေးအပ်ခြင်းခံရသူကဖြစ်စေ တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ခ) တစ်ဦးထက်ပိုသူများက တူညီသော တီထွင်မှုတစ်ခုကို သီးခြားစီ တီထွင်ခဲ့လျှင် တီထွင်မှု မူပိုင်ခွင့် လျှောက်ထားချက် ဦးစွာတင်သွင်းသူ သို့မဟုတ် ဦးစားပေးအခွင့်အရေးတောင်းဆိုချက် ပါရှိလျှင် ဦးစားပေးနေ့ကို အစောဆုံး တရားဝင်ရရှိထားသော လျှောက်ထားသူသည် တီထွင်မှု မူပိုင်ခွင့်ကို ရခွင့်ရှိသည်။

၁၆။ တီထွင်မှုတစ်ခုကို တစ်ဦးထက်ပိုသူများက ပူးတွဲတီထွင်ခဲ့ခြင်းဖြစ်လျှင် ယင်းတို့ အားလုံးသည် အဆိုပါ တီထွင်မှုမူပိုင်ခွင့်ကို ပူးတွဲလျှောက်ထားခွင့်ရှိသည်။

၁၇။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘော တူညီချက်၏ အကျိုးဆက်အရဖြစ်စေ တီထွင်မှုတစ်ခုကို ပြုလုပ်ရာတွင် -

(က) အလုပ်သမားက တီထွင်မှုတစ်ခုကို ပြုလုပ်သည့်တိုင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အလုပ်ရှင်ကသာ ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့် ရှိသည်။

(ခ) တီထွင်မှုကို ပြုလုပ်ပြီးကြောင်း အလုပ်သမားက အလုပ်ရှင်ထံ စာဖြင့်ဆက်သွယ်အကြောင်းကြားသည့် နေ့မှ ခြောက်လအတွင်း အဆိုပါ တီထွင်မှုကို အလုပ်ရှင်က လျှောက်ထားရန် အခွင့်အရေးကို ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူပြီး အလုပ်သမားသည် ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ဂ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်းပြုလုပ်သည့် တီထွင်မှုကို တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရာတွင် အဆိုပါ တီထွင်မှုသည် ယခင်အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ် အတွင်း ယင်း၏အလုပ်သမားက ပြုလုပ်ရရှိသည့် တီထွင်မှုဖြစ်လျှင် အလုပ်အကိုင်ဆိုင်ရာ သဘော တူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိသည့်အပြင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ပြုလုပ်ခဲ့သည့် တီထွင်မှုဖြစ်သည်ဟု မှတ်ယူပြီး ယခင်အလုပ်ရှင်က အဆိုပါ တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ အလုပ်သမားကသာ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသည် -

(၁) ယခင်အလုပ်ရှင်က အဆိုပါ တီထွင်မှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခြင်း၊

(၂) အလုပ်သမားက တင်ပြသည့် သက်သေခံအထောက်အထားအပေါ် ယခင်အလုပ်ရှင်က ငြင်းဆိုမှု မပြုနိုင်ခြင်း၊

(၃) ပုဒ်မခွဲ (ခ) အရ ယခင်အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန် ပျက်ကွက်သဖြင့် အလုပ်သမားက လျှောက်ထားခြင်း။

(ဃ) အလုပ်ရှင်၏တာဝန်ပေးချက်အရ မဟုတ်ဘဲ ယင်း၏ လုပ်ငန်းနယ်ပယ်နှင့် ဆက်နွှယ်နေသော တီထွင်မှုတစ်ခုကို အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကိုအသုံးပြု၍ အလုပ်သမားက ပြုလုပ်ရာတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် အလုပ်သမားကသာ ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) တို့တွင် ဖော်ပြထားသော တီထွင်မှုပြုလုပ်ခြင်းမှ တစ်ပါး အခြားသောတီထွင်မှုကို ပြုလုပ်ခဲ့လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါအချက် များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် ယင်းတီထွင်မှုအတွက် တီထွင်မှု မူပိုင်ခွင့်ကို အလုပ်သမားကသာ လျှောက်ထားခွင့်ရှိသည်။

## အခန်း (၁၀)
## လျှောက်ထားခြင်း

၁၈။ ဤဥပဒေအရ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခွင့်ရှိသူသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ရရှိလိုပါက တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၁၉။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။

(ခ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်းဝန်ခံလက်မှတ် ရေးထိုးရမည်။

၂၀။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည် -

(၁) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းနှင့် တီထွင်သူ တို့၏ အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၃) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ၊

(၄) ပြည့်စုံစွာဖော်ပြထားသော တီထွင်မှုဆိုင်ရာဖော်ပြချက်၊

(၅) တီထွင်မှုအမည်နှင့် တီထွင်မှုဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်၊

(၆) သတ်မှတ်ချက်နှင့်အညီ ဖော်ပြထားသည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တီထွင်မှု မူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များ။

(ခ) ပုဒ်မခွဲ (က) ပါ အချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည်-

(၁) လျှောက်ထားသူတွင် အရေးပါသည့် စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း ရှိပါက ယင်းတို့၏ လိပ်စာနှင့် နိုင်ငံအမည်၊

(၂) လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၃) တီထွင်မှုကို နားလည်သဘောပေါက်စေရန် ရေးဆွဲချက်များရှိခဲ့လျှင် ရေးဆွဲချက်များ၊

(၄) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန်တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့်အထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ဦးစားပေးအခွင့်အရေးတောင်းဆိုချက်၊

(၅) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့်အထောက်အထား ဖော်ပြချက်တို့နှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၆) ပူးတွဲလျှောက်ထားသူများအနက်မှ တစ်ဦးဦးက ပူးတွဲလျှောက်ထားသူများအားလုံး၏ ကိုယ်စားလျှောက်ထားချက်ကို လက်မှတ်ရေးထိုးထားခြင်းဖြစ်လျှင် ကျန်ပူးတွဲလျှောက်ထားသူများ၏ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(၇) မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ်များနှင့် ထိုအရင်းအမြစ်များနှင့် ပေါင်းစပ်သည်ဖြစ်စေ၊ မပေါင်းစပ်ဘဲဖြစ်စေ တည်ရှိနေသော ရိုးရာအသိပညာ တစ်ရပ်ရပ်တို့အား တရားဝင်ရယူသုံးစွဲထားကြောင်းနှင့် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားကြောင်း ဖော်ပြချက်၊

(၈) ဆောလျင်စွာ ထုတ်ပြန်ကြေညာပေးရန် လျှောက်ထားလိုပါက ထိုသို့ ကြေညာပေးရန် တောင်းဆိုချက်၊

(၉) အေဂျင်စီနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၂၁။ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ဦးစီးဌာနက လက်ခံရရှိသည့်နေ့သည် နိုင်ငံတော်တွင် လျှောက်ထားချက်တင်သွင်းသည့်နေ့ဖြစ်သည်ဟု မှတ်ယူရမည်။

၂၂။ (က) တီထွင်မှုဆိုင်ရာဖော်ပြချက်သည် သာမန်တတ်ကျွမ်းသူတစ်ဦးက အဆိုပါ တီထွင်မှုကို လုပ်ဆောင်နိုင်ရန် ထုတ်ဖော်ရေးသားချက်ဖြစ်ရမည်ဖြစ်ပြီး အဆိုပါ ရေးသားချက်တွင် လျှောက်ထားသည့် နေ့ သို့မဟုတ် ဦးစားပေးအခွင့်အရေးတောင်းဆိုပါက ဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့၌ တီထွင်သူသိရှိထားသည့် အကောင်းဆုံးနည်းလမ်းဖြင့်ဖော်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တောင်းဆိုထားသော တီထွင်မှုအတွက် ထုတ်ဖော်ပြသချက်သည် လျှောက်ထားသောနေ့ရက်တွင် သက်ဆိုင်ရာပညာရပ်နယ်ပယ်၌ သာမန်တတ်ကျွမ်းသူက ယင်းတီထွင်မှုကို အသုံးချရန် သို့မဟုတ် ပြုလုပ်ရန် ခွင့်ပြုနိုင်သည့် လုံလောက်သော သတင်းအချက်အလက်များကို ထည့်သွင်းတင်ပြထားပါက အဆိုပါ ထုတ်ဖော်ပြသချက်ကို လွန်ကဲသော စမ်းသပ်စစ်ဆေးမှုမပြုဘဲ လုံလောက်စွာ ပြည့်စုံရှင်းလင်းသည်ဟု မှတ်ယူရမည်။

(ဂ) အကာအကွယ်ရရှိရန် တောင်းဆိုထားသောတီထွင်မှုကို ပြုလုပ်ရာ၌ နိုင်ငံတော်နယ်နိမိတ်အတွင်းမှ မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ်များ၏ဇာစ်မြစ်ကိုသော်လည်းကောင်း၊ အဆိုပါ အရင်းအမြစ်များနှင့် ဆက်စပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရိုးရာအသိပညာဆိုင်ရာ အချက်အလက်များကိုသော်လည်းကောင်း ကြိုတင်ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားပါက ယင်းတို့အား တီထွင်မှုဆိုင်ရာ ဖော်ပြချက်တွင် ရှင်းလင်းစွာ သတ်မှတ်ဖော်ပြပေးရမည်။

၂၃။ (က) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များတွင် အကာအကွယ်ပေးစေလိုသည့်အချက်ကို သတ်မှတ်ဖော်ပြပေးရမည်ဖြစ်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များသည် ရှင်းလင်း၍ ကျစ်လျစ်ပြည့်စုံရမည်။ ယင်းတို့ကို ရှင်းလင်းရာတွင် ဖော်ပြချက်နှင့် ရေးဆွဲချက်များကို အသုံးပြုနိုင်သည်။

၂၄။ (က) သီးခြားစီ တီထွင်ခဲ့သည့် တူညီသော တီထွင်မှုတစ်ခုကို မတူညီသောနေ့အသီးသီးတွင် တစ်ဦးထက်ပိုသူများက လျှောက်ထားရာ၌ အဆိုပါ လျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာဖြစ်ပေါ်လာခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်ကို ဦးစွာတင်သွင်းသူအား မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာ၌ အဆိုပါ လျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာဖြစ်ပေါ်လာခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်တွင် ဦးစားပေးအခွင့်အရေးနေ့ အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၅။ သီးခြားစီ တီထွင်ခဲ့သည့် တူညီသော တီထွင်မှုတစ်ခုစီနှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ရက်ကို တောင်းဆိုလျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏ အမည်ကို သတ်မှတ်သည့်ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်း ခံရသူ၏ အမည်ကိုသော်လည်းကောင်း၊ ပူးတွဲလျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း လျှောက်ထားသူများသည် ယင်းတို့အချင်းချင်းသဘောတူညီမှု မရရှိခဲ့လျှင် မှတ်ပုံတင်အရာရှိ၏ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ဆုံးဖြတ်ခြင်းကို လိုက်နာရမည်။

၂၆။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လျှောက်ထားသည့်နေ့ရက်မှ ၃၆ လ အတွင်း လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးပေးရန် သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ တောင်းဆိုရမည်။ မှတ်ပုံတင်အရာရှိသည် ယင်းတောင်းဆိုချက်ကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော သတ်မှတ်ကာလအတွင်း စစ်ဆေးပေးရန် တောင်းဆိုခြင်း မရှိပါက တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူမည်ဖြစ်သည်။

၂၇။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်သည် တီထွင်မှုတစ်ခုနှင့်သာ သို့မဟုတ် ယေဘုယျတီထွင်ကြံဆမှု သဘောတရားတစ်ခုဖြစ်လာရန် ဆက်စပ်နေသော တီထွင်မှုတစ်စုနှင့်သာ သက်ဆိုင်ရမည်။

၂၈။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်အရာရှိက တီထွင်မှုမူပိုင်ခွင့်ကို မှတ်ပုံတင်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) လျှောက်ထားချက်ကို မူလလျှောက်ထားချက်ပါ ဖော်ပြချက်များထက် မကျော်လွန်စေဘဲ တီထွင်မှု မူပိုင်ခွင့် ခွင့်ပြုချိန်မတိုင်မီအထိ ပြင်ဆင်နိုင်သည်။

(ဂ) (၁) ပုဒ်မ ၂၇ နှင့်ညီညွတ်ခြင်းမရှိသည့် လျှောက်ထားချက်ကို မူလလျှောက်ထားချက်ပါ ဖော်ပြချက်များထက်မကျော်လွန်စေဘဲ ခွင့်ပြုမည့်အချိန်အထိ တစ်ခုထက်ပိုသော လျှောက်ထားချက်အခွဲများအဖြစ်ခွဲ၍ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(၂) လျှောက်ထားချက် အခွဲတစ်ခုစီအတွက် မူလလျှောက်ထားချက်၏ လျှောက်ထားသည့်နေ့ သို့မဟုတ် ဦးစားပေးအခွင့်အရေးတောင်းဆိုခဲ့ပါက ယင်းဦးစားပေးအခွင့်အရေးတောင်းဆိုသည့် နေ့တို့ကို လျှောက်ထားချက်တင်သွင်းသည့် နေ့အဖြစ် မှတ်ယူရမည်။

(ဃ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၉။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၈ ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၁၁)

## စစ်ဆေးခြင်း၊ ကန့်ကွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၃၀။ စစ်ဆေးရေးအရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) တီထွင်မှုကို အပြည်ပြည်ဆိုင်ရာအမျိုးအစားခွဲခြားခြင်းဖြင့် အမျိုးအစားခွဲခြား၍ ပုဒ်မ ၁၉ နှင့် ၂၀ တို့ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်များကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၁၉ နှင့် ၂၀ တို့ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိပါက အဆိုပါ လျှောက်ထားချက်ကို ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ချက်ကို လက်ခံရရှိပါက စိစစ်ပြီး လျှောက်ထားချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၃၁။ (က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူ သို့မဟုတ် ပိုင်ရှင်သည် မှတ်ပုံတင်အရာရှိထံ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်အတွက် သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့ပြီး အဆိုပါ ပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက အောက်ပါအချက်များနှင့် ကိုက်ညီလျှင် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများပေးရန် မှတ်ပုံတင်အရာရှိထံ ပြန်လည် လျှောက်ထားနိုင်သည် -

(၁) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းချက်များကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအပေါ် ခိုင်လုံသောအကြောင်းပြချက်ကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) အခကြေးငွေ ပေးသွင်းပြီးဖြစ်ခြင်း။

(ခ) မှတ်ပုံတင်အရာရှိသည် အောက်ပါအခြေအနေများတွင် ပုဒ်မခွဲ (က) အရ အခွင့်အရေးများ ပြန်လည်ပေးအပ်ခြင်းကို ဆိုင်းငံ့ထားရမည် -

(၁) အယူခံတင်သွင်းထားခြင်း၊

(၂) နှစ်ဦးနှစ်ဖက်ကြား တရားစွဲဆိုရင်ဆိုင်နေခြင်း။

၃၂။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်ကို တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့မှ ၁၈ လ ကုန်ဆုံးပြီးနောက် သို့မဟုတ် ဆောလျင်စွာ ထုတ်ပြန်ကြေညာပေးရန် တောင်းဆိုပါက ထိုတောင်းဆိုသည့်နေ့တွင် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ အများပြည်သူ သိရှိနိုင်ရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၃၃။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ပုဒ်မ ၃၂ အရ ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤဥပဒေပါ ပုဒ်မ ၁၃ နှင့် ၁၄ တို့တွင် ဖော်ပြထားသော အကြောင်းပြချက်တစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

၃၄။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၃၅။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက်တင်သွင်းလာသည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်၊ စစ်ဆေးရေးအရာရှိ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး တီထွင်မှု မူပိုင်ခွင့် လျှောက်ထားခြင်းကို ဆက်လက်လုပ်ဆောင်စေခြင်း၊ ပြင်ဆင်စေခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည်။ အဆိုပါ ဆုံးဖြတ်ချက်ကို ကန့်ကွက်လွှာ တင်သွင်းသူနှင့် တင်သွင်းခံရသူထံ အကြောင်းကြားပြီး သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၃၆။ စစ်ဆေးရေးအရာရှိသည် တီထွင်မှုမူပိုင်ခွင့်အား အသေးစိတ်စစ်ဆေးပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၃၊ ၁၄၊ ၂၂၊ ၂၃ နှင့် ၂၇ တို့တွင် ဖော်ပြထားသည့် တီထွင်မှုမူပိုင်ခွင့် ပေးနိုင်သည့် အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၃၇။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်အား ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်း တင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့ပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုလျှင် တီထွင်မှုမူပိုင်ခွင့်လက်မှတ်ကို လျှောက်ထားသူထံ ထုတ်ပေးရမည်။

၃၈။ မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်တွင်လျှောက်ထားသော ပြည်ပနိုင်ငံတစ်ခုခုတွင် တင်သွင်းထားပြီး ဖြစ်သည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များကို စစ်ဆေးနိုင်ရေးအတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို သတ်မှတ်သည့်အချိန်အတွင်း တင်ပြရန် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူထံ အကြောင်းကြားနိုင်သည် -

(က) လျှောက်ထားသူရရှိထားပြီးဖြစ်သော သက်ဆိုင်ရာ ပြည်ပနိုင်ငံတစ်ခုခု၏ မူပိုင်ခွင့်ရုံးက ဆောင်ရွက် ခဲ့သည့် ရှာဖွေတွေ့ရှိချက်နှင့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတို့၏မိတ္တူ၊

(ခ) လျှောက်ထားသူ ပြည်ပမှရရှိထားပြီးဖြစ်သော တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူမှန်၊

(ဂ) ပြည်ပနိုင်ငံတစ်ခုခု၏ မူပိုင်ခွင့်ရုံးမှ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ငြင်းပယ်လျှင်ဖြစ်စေ၊ အဆိုပါ လျှောက်ထားချက်ပါ တောင်းဆိုချက်ကို ငြင်းဆိုလျှင်ဖြစ်စေ၊ ယင်းဆုံးဖြတ်ချက်မိတ္တူ သို့မဟုတ် အဆိုပါ လျှောက်ထားချက်အရ ခွင့်ပြုခဲ့သော မည်သည့်တီထွင်မှု မူပိုင်ခွင့်ကိုမဆို ပျက်ပြယ်စေလျှင်ဖြစ်စေ၊ ရုပ်သိမ်းလျှင်ဖြစ်စေ ယင်းဆုံးဖြတ်ချက်မိတ္တူ။

၃၉။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်အား စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အစိုးရဌာနအဖွဲ့အစည်းများသို့လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ပြည်ပ တီထွင်မှု မူပိုင်ခွင့်ရုံးများသို့လည်းကောင်း အေဂျင်စီ၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးပေးရန် တောင်းဆိုနိုင်သည်။

၄၀။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်လက်မှတ် မူရင်းပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန်ထပ်မံ ထုတ်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသား အမှားနှင့်ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄၁။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

၄၂။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခဲ့ရာတွင် နိုင်ငံတော်၏အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များပါဝင်သည်ဟု မှတ်ပုံတင်အရာရှိက ယူဆခဲ့လျှင် အေဂျင်စီ၏ သဘောတူညီချက်ဖြင့် အဆိုပါ တီထွင်မှုလျှောက်ထားချက်ပါ အကြောင်းအရာများနှင့် ဆက်စပ်သောဝန်ကြီးဌာန၏ ကင်းရှင်းကြောင်း သဘောထားမှတ်ချက် ရရှိသည်အထိ အဆိုပါ လျှောက်ထားချက်ကို မထုတ်ပြန်ဘဲ လျှို့ဝှက်ထားနိုင်သည်။

(ခ) သဘောထားမှတ်ချက် လက်ခံရရှိပြီးနောက် သက်ဆိုင်သည့်ဝန်ကြီးဌာနသည် ကင်းရှင်းခြင်း မရှိသည့် လျှောက်ထားချက်ကို စစ်ဆေးခြင်းပြုလုပ်ရန်၊ သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းရန် သို့မဟုတ် လျှောက်ထားချက်နှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို သက်ဆိုင်ရာအစိုးရဌာနသို့ လွှဲပြောင်းပေးရန် လျှောက်ထားသူအား သင့်လျော်သည့် လျော်ကြေးပေး၍ ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆသည့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်တွင် နေထိုင်သူမည်သူမဆို မှတ်ပုံတင်အရာရှိထံ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားပြီး ပုဒ်မခွဲ (က) အရ သဘောထားမှတ်ချက် မရရှိခဲ့လျှင်သော်လည်းကောင်း၊ ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်မရှိဘဲ အခြား နိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခြင်း မပြုရ။

(ဃ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် ပုဒ်မခွဲ (ခ) အရ သင့်လျော်သည့် လျော်ကြေးရရှိရန် သက်ဆိုင်သည့်ဝန်ကြီးဌာနသို့ တောင်းဆိုနိုင်သည်။ ပေးအပ်သောလျော်ကြေးပမာဏကို ကျေနပ်မှုမရှိပါက မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သည့် ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရ တီထွင်မှု မူပိုင်ခွင့်လျှောက်ထားချက်ကို ဆက်လက်၍ လျှို့ဝှက်ထိန်းသိမ်းထားရှိရန် လိုအပ်ခြင်း မရှိတော့ကြောင်း ပေါ်ပေါက်သည့်အခါ ပုဒ်မခွဲ (က) အရ လျှို့ဝှက်ထားခြင်းကို ရုပ်သိမ်းနိုင်သည်။

## အခန်း (၁၂)
## ဦးစားပေးအခွင့်အရေး

၄၃။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် စတင်လျှောက်ထားခဲ့သည့် နေ့မှ တစ်နှစ်အတွင်း ဦးစီးဌာနသို့ တူညီသောတီထွင်မှုကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် အဆိုပါ စတင်လျှောက်ထားသည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ဦးစားပေးအခွင့်အရေး ခံစားရမည်။

၄၄။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် တီထွင်မှုအတွက် စတင်ခင်းကျင်းပြသခဲ့သည့်နေ့မှ တစ်နှစ်အတွင်း ဦးစီးဌာနတွင် တူညီသော တီထွင်မှုကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် အဆိုပါ စတင်ခင်းကျင်းပြသခဲ့သည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

၄၅။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၄၃ အရ လျှောက်ထားသည့်နေ့မှ စတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

၄၆။ လျှောက်ထားသူသည် သတ်မှတ်ထားသည့် ကာလအတွင်း စာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိထံ ဦးစားပေးအခွင့်အရေး ပြန်လည်ရရှိရေးအတွက် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) နှင့်အညီ တောင်းဆိုချက်တစ်ရပ်ကို တင်ပြနိုင်သည်။

## အခန်း (၁၃)
## တီထွင်မှုမူပိုင်ခွင့် သက်တမ်းနှင့် နှစ်စဉ်ကြေး

၄၇။ တီထွင်မှုမူပိုင်ခွင့် သက်တမ်းသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် တင်သွင်းသည့် နေ့မှ နှစ် ၂၀ ဖြစ်သည်။

၄၈။ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ထိန်းသိမ်းရန်အလို့ငှာ ဦးစီးဌာနသို့ ကာလအပိုင်းအခြားအလိုက် သတ်မှတ်သည့် နှစ်စဉ်ကြေးပေးသွင်းမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) နှစ်စဉ်ကြေးပေးသွင်းရမည့် နေ့မတိုင်မီ ခြောက်လအတွင်း သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်းရမည်။

(ခ) နှစ်စဉ်ကြေးပေးသွင်းမှု နောက်ကျခြင်းအတွက် နှစ်စဉ်ကြေးပေးသွင်းရန် ကုန်ဆုံးသည့် နောက်တစ်ရက်မှ အခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း၌သာ ပေးသွင်းခွင့်ရှိသည်။ ယင်းသို့ ပေးသွင်းသည့် အခါ သတ်မှတ်ထားသော နှစ်စဉ်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၄၉။ မှတ်ပုံတင်အရာရှိသည် -

(က) နှစ်စဉ်ကြေးပေးသွင်းခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ခ) နှစ်စဉ်ကြေးကို အခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း ပေးသွင်းခြင်းမရှိသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ပျက်ပြယ်စေရမည်။

(ဂ) နှစ်စဉ်ကြေးပေးသွင်းမှုမရှိခြင်းသည် ခိုင်လုံပြီး အခြားသူများ၏ အခွင့်အရေးများကိုထိခိုက်ခြင်းမရှိဟု ယူဆလျှင် ငွေပေးသွင်းရမည့် ကာလကျော်လွန်ပြီးနောက် တစ်နှစ်မကုန်ဆုံးမီ အချိန်အတွင်း ပျက်ပြယ်သွားသော တီထွင်မှုမူပိုင်ခွင့်ကို ထုတ်ပြန်ကြေညာခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်သည်။

(ဃ) ပျက်ပြယ်သွားသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မှတ်ပုံတင် စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၀။ ပုဒ်မ ၄၈ တွင် ဖော်ပြထားသော နောက်ဆုံးရက် သတ်မှတ်ချက်ကျော်လွန်သွားသည့် ကိစ္စရပ်တွင် လျှောက်ထားသူ သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ပုဒ်မ ၃၁ ပါ အချက်များနှင့်ကိုက်ညီပါက အခွင့်အရေးများ ပြန်လည်ပေးအပ်ရန် မှတ်ပုံတင်အရာရှိထံ တောင်းဆိုနိုင်သည်။

## အခန်း (၁၄)
## တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ

၅၁။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက တီထွင်မှုမူပိုင်ခွင့်သက်တမ်းကာလအတွင်း ဤအခန်းပါ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၅၂။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) ထုတ်ကုန်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိထားလျှင် ၎င်းထုတ်ကုန်ကို အခြားသူတစ်ဦးက ယင်း၏သဘောတူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချရန်ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းပြုလျှင် ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(၂) ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိထားလျှင် ၎င်းထုတ်လုပ်မှုနည်းစဉ်အား အခြားသူတစ်ဦးက ယင်း၏ သဘောတူညီချက်မပါဘဲ အသုံးပြုလျှင်ဖြစ်စေ၊ ၎င်းထုတ်လုပ်မှုနည်းစဉ်ကို တိုက်ရိုက်အသုံးပြုပြီး ထုတ်လုပ်သော ထုတ်ကုန်တစ်ခုကို ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသည့် အပြုအမူများကို ဆောင်ရွက်လျှင်ဖြစ်စေ ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(ခ) တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ဂ) အခန်း (၁၅) နှင့် အခန်း (၁၆) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်း၏ တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

၅၃။ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) အရ အလုပ်သမားကသာ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသည့် တီထွင်မှုအပေါ်တွင် အလုပ်ရှင်သည် တစ်ဦးတည်းပိုင်မဟုတ်သော ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ရရှိစေရမည်။

၅၄။ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်း မရှိစေရ -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို စီးပွားဖြစ်မဟုတ်ဘဲ အသုံးပြုခြင်း သို့မဟုတ် ပုဂ္ဂလိကတစ်ဦးချင်းအတွက် အသုံးပြုခြင်း၊

(ခ) စမ်းသပ်လေ့လာရန် သို့မဟုတ် သုတေသနပြုရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း၊

(ဂ) နိုင်ငံတော်၏နယ်နိမိတ်အတွင်း ယာယီအားဖြင့်ဖြစ်စေ၊ မမျှော်လင့်သောဖြစ်ရပ်ကြောင့် မတော်တဆဖြစ်စေ ဝင်ရောက်လာသော အခြားနိုင်ငံများမှ လေယာဉ်၊ ကုန်းလမ်းသွားယာဉ်များ သို့မဟုတ် ရေယာဉ်များပေါ်ရှိ တီထွင်မှုမူပိုင်ခွင့်နှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာတန်ဆာပလာများကို အသုံးပြုခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို လျှောက်ထားသည့်နေ့မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့မတိုင်မီ တစ်စုံတစ်ဦးက သဘောရိုးဖြင့် အသုံးပြုခြင်း သို့မဟုတ် ထိုသို့အသုံးပြုရန် ထိရောက်သော ပြင်ဆင်ဆောင်ရွက်မှုကို ပြုလုပ်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ ယင်း၏သဘောတူညီချက်အရဖြစ်စေ ရောင်းချခြင်း၊ ရောင်းချရန်ကမ်းလှမ်းခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ဈေးကွက်တွင် ရောက်ရှိနေသော တီထွင်မှုမူပိုင်ခွင့်ရရှိထားသည့် ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားခြင်း၊

(စ) ထုတ်ကုန်တစ်ရပ်ရပ်ကို ထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်ဆိုင်သော နိုင်ငံတော်၏ သို့မဟုတ် အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ်အရ လိုအပ်သည့်သတင်းအချက်အလက်များ ပြုစုတင်ပြခြင်းတို့နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို ခိုင်လုံစွာသက်ဆိုင်သော အသုံးပြုမှုအတွက်သာ ပြုလုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်း၊

(ဆ) မှတ်ပုံတင်ထားသော ဆေးဘက် သို့မဟုတ် သွားဘက်ဆိုင်ရာကုသရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးကပေးသော ဆေးစာအညွှန်းအရ တစ်ဦးတစ်ယောက်အတွက် ဆေးဆိုင်တွင် ဆေးဝါးဖော်စပ်ပေးခြင်းများ ပြုလုပ်ခြင်း။

၅၅။ တီထွင်မှုမူပိုင်ခွင့်ကို တစ်ဦးထက်ပိုသူများက ပိုင်ဆိုင်ပြီး ယင်းတို့အချင်းချင်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်းမရှိလျှင် -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မခွဲဝေရသေးသော တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိသည်။

( ခ ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏ မခွဲဝေရသေးသည့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းပြုနိုင်သည်။

( ဂ ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်သူအား အခြားသော တီထွင်မှုမူပိုင်ခွင့် ပူးတွဲရရှိသူများ၏ သဘောတူညီချက် ရယူရန်မလိုဘဲ တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ဃ) တီထွင်မှုမူပိုင်ခွင့်ရရှိသူထံမှ အခွင့်အရေးများအား တရားဝင် ဆက်ခံရရှိသောပုဂ္ဂိုလ် သို့မဟုတ် တရားဝင် ဖွဲ့စည်းထားသောအဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

## အခန်း (၁၅)

## တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို လွှဲပြောင်းခြင်း

၅၆။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် ယင်း၏လျှောက်ထားချက်ကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

( ခ ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှုကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၇။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပိုင်ဆိုင်မှု လွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် လျှောက်ထားလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၈။ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

၅၉။ နိုင်ငံတော်ရှိ မျိုးရိုးဗီဇ၊ ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှ တိုက်ရိုက်ဆင်းသက်လာသော တီထွင်မှုတစ်ခုနှင့်စပ်လျဉ်း၍ အေဂျင်စီသည် -

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၇) ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိဘဲ လျှောက်ထားသူကမှားယွင်းစွာ ချန်လှပ်၍ လျှောက်ထားခဲ့သည့် တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့ကြောင်းတွေ့ရှိလျှင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်ကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန် တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ညွှန်ကြားနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်များကို သက်ဆိုင်ရာအဖွဲ့အစည်းက လွှဲပြောင်းရယူပြီးနောက် တီထွင်မှုမူပိုင်ခွင့်သည် အများပြည်သူနှင့် အလွန်အမင်းသက်ဆိုင်လာလျှင်သော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာနှင့်အေးချမ်းတည်ငြိမ်မှုဆိုင်ရာကိစ္စရပ်များဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းကို ရပ်သိမ်းစေရမည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို စွန့်လွှတ်စေရမည်။

## အခန်း (၁၆)
## ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း

၆၀။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဖြစ်စေ ယင်း၏မှတ်ပုံတင်ထားသော တီထွင်မှုမူပိုင်ခွင့်ကိုအသုံးပြုရန်အတွက် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

၆၁။ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် ယင်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့သည် ခွင့်ပြုချက် စာတမ်းအမှတ်အသား မိတ္တူမှန်နှင့်အတူ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၆၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၆၁ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းနှင့် ယှဉ်ပြိုင်မှုကို ဆန့်ကျင်ခြင်းမရှိကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နိုင်ခြင်းမရှိကြောင်း၊ ယေဘုယျအားဖြင့် နည်းပညာကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား သို့မဟုတ် အနှောင့်အယှက်ဖြစ်နိုင်ခြင်း မရှိကြောင်း သို့မဟုတ် အဆိုပါ အကျိုးသက်ရောက်မှုတစ်ခုခုကိုဖြစ်စေသည့် အချက်တစ်ရပ်ရပ်ပါရှိခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိုခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၆၃။ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် ယင်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့က မှတ်ပုံတင် အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိက မှတ်တမ်းမှပယ်ဖျက်ပြီး ယင်းသို့ ပယ်ဖျက်ကြောင်း အများပြည်သူ သိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၆၄။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းသည် အကျိုးသက်ရောက်မှုမရှိစေရ။

## အခန်း (၁၇)
## မလွှဲမသွေပေးရမည့်လိုင်စင်

၆၅။ (က) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်သည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် မလွှဲမသွေပေးရမည့်လိုင်စင်ကို သတ်မှတ်ချက် နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည် -

(၁) အများပြည်သူအကျိုးအတွက်ဖြစ်သည့် နိုင်ငံတော်လုံခြုံရေး၊ စားနပ်ရိက္ခာဖြည့်တင်းရေး၊ ကျန်းမာရေး သို့မဟုတ် အမျိုးသားအကျိုးစီးပွားဆိုင်ရာ အရေးကြီးသောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထူးလိုအပ်လျက်ရှိခြင်း၊

(၂) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ၏ အသုံးပြုသည့် နည်းလမ်းသည် ယှဉ်ပြိုင်မှုပြုခြင်းကို ဆန့်ကျင်သည်ဟု တရားစီရင်ရေးအဖွဲ့အစည်း သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းက ဆုံးဖြတ်ပြီးနောက် ဤပုဒ်မခွဲနှင့်အညီ တီထွင်မှုကို အသုံးပြုစေခြင်းသည် အဆိုပါ ယှဉ်ပြိုင်မှုပြုခြင်းကို ဆန့်ကျင်သည့် လုပ်ရပ်အား ကုစားနိုင်မည့် အခြေအနေဖြစ်ခြင်း၊

(၃) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ၎င်း၏သီးသန့်အခွင့်အရေးများကို မတရားအသုံးပြုခြင်း သို့မဟုတ် ၎င်းက ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသူ၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့် ဆိုင်ရာ သီးသန့်အခွင့်အရေးများကို မတရားအသုံးပြုခြင်းအား ဟန့်တားရန် ဆောင်ရွက်ခြင်း မရှိဘဲ လျစ်လျူရှုထားခြင်း၊

(၄) တီထွင်မှုကို ပြည်တွင်းတွင် ထုတ်လုပ်ခြင်းဖြင့်သော်လည်းကောင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းဖြင့်သော်လည်းကောင်း လုံလောက်သည့်အရေအတွက် သို့မဟုတ် လုံလောက်သည့်အရည်အသွေး သို့မဟုတ် သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ပြည်တွင်းတွင် မရရှိနိုင်ခြင်း၊

(၅) ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် စီးပွားရေးတွင် သိသာစွာအကျိုးရှိမည့် အရေးကြီးသော နည်းပညာအဆင့်မြင့်မှုတစ်ရပ်ပါသည့် တီထွင်မှုတစ်ခုကို အကာအကွယ်ပေးရန် တောင်းဆိုရာတွင် အဆိုပါတီထွင်မှုသည် ပထမတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသည့် တီထွင်မှုနှင့် ဆက်စပ်နေပြီး ယင်းကို ချိုးဖောက်ခြင်းမရှိဘဲ ဒုတိယတီထွင်မှုမူပိုင်ခွင့်ကို မဆောင်ရွက်နိုင်ခြင်း။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားလာသော လျှောက်ထားချက်ကို စိစစ်၍ အေဂျင်စီသို့ တင်ပြရမည်။ မှတ်ပုံတင်အရာရှိ၏ တင်ပြချက်အပေါ် အေဂျင်စီသည် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

၆၆။ (က) အေဂျင်စီသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က ရရှိပြီးဖြစ်သော မလွှဲမသွေပေးရမည့် လိုင်စင်ကိုရပ်စဲပေးရန် တီထွင်မှုမူပိုင်ခွင့်ရရှိသူက တောင်းဆိုလာလျှင် နှစ်ဖက်စလုံးမှဖြစ်စေ၊ တစ်ဖက်တည်းမှဖြစ်စေ ကြားနာရန်ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီး ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့် ငြီစွန်းခြင်းမရှိလျှင်သော်လည်းကောင်း၊ လိုင်စင်အသုံးပြုခွင့်ပေးထားခြင်းခံရသူက ယင်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ကြောင်း ပေါ်ပေါက်ခဲ့လျှင်သော်လည်းကောင်း ယင်းလိုင်စင်ကို ရပ်စဲရမည်။

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင်ကို ရပ်စဲရမည်ဖြစ်သော်လည်း လိုင်စင်အသုံးပြုခွင့် ပေးထားခြင်းခံရသူ၏ တရားဝင်အကျိုးစီးပွားအား လုံလောက်စွာ အကာအကွယ်ပေးနိုင်ရန် ယင်းလိုင်စင်ကို ဆက်လက်အသုံးပြုခွင့်ပေးသင့်သည်ဟု ယူဆလျှင်သော်လည်းကောင်း၊ ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ယှဉ်ပြိုင်မှုပြုခြင်းကို ဆန့်ကျင်သောလုပ်ရပ်အား ကုစားနိုင်ရန် ထုတ်ပေးထားသော လိုင်စင်ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ မလွှဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးရန်အခြေအနေများ ထပ်မံဖြစ်ပွားဟန်ရှိလျှင်သော်လည်းကောင်း အေဂျင်စီသည် အဆိုပါလိုင်စင်ကို ရပ်စဲခြင်း မပြုရ။

၆၇။ မလွှဲမသွေပေးရမည့်လိုင်စင်သည် သီးသန့်အခွင့်အရေး မရရှိသောလိုင်စင်ဖြစ်သဖြင့် အောက်ပါအချက်များတွင် သက်ဆိုင်ခြင်း မရှိစေရ -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူကိုယ်တိုင် ပြည်တွင်း၌ ထုတ်လုပ်ရာတွင်ဖြစ်စေ၊ ပြည်တွင်းသို့ တင်သွင်းရာတွင်ဖြစ်စေ၊ နှစ်ရပ်စလုံးတွင်ဖြစ်စေ ယင်း၏တီထွင်မှုကို အသုံးပြုခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးရန် သဘောတူစာချုပ်များကို ချုပ်ဆိုခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဒ်မ ၅၂ တွင်ပါရှိသော ယင်း၏အခွင့်အရေးများကို ကျင့်သုံးဆဲဖြစ်ခြင်း။

၆၈။ အေဂျင်စီသည် ပုဒ်မ ၆၅ အရ မလွှဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးသည့်အခါ -

(က) ထိုသို့ လိုင်စင်ထုတ်ပေးကြောင်း သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ဆောလျင်စွာ အကြောင်းကြားရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသော တီထွင်မှုအား လိုင်စင်ရရှိသူက စတင်အသုံးပြုရမည့်နေ့၊ လိုင်စင်သက်တမ်းအစရှိသည့် လိုင်စင်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ပေးအပ်ရမည့်နစ်နာကြေးတို့ကို သတ်မှတ်ဖော်ပြရမည်။

၆၉။ (က) တူညီသောဆေးဝါးထုတ်ကုန်ကို ပြုလုပ်ရန် အခြားနည်းစဉ်တစ်ခုကို မသိရှိနိုင်သော သို့မဟုတ် မရရှိနိုင်သောအခြေအနေအတွက် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်လုပ်သည့် နည်းစဉ်တစ်ခု၏ တီထွင်မှုမူပိုင်ခွင့်တစ်ခုကို လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းအတွက် နစ်နာကြေးကို ဆုံးဖြတ်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ ဆုံးဖြတ်ချက်ပါ စည်းကမ်းချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့မှ လေးနှစ် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုသည့်နေ့မှ သုံးနှစ်မတိုင်မီ ကာလများအနက် ပို၍နောက်ကျသည့် ကာလအတွင်းတွင် ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) တွင် ဖော်ပြထားသကဲ့သို့ တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်ကုန် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်မှ ထုတ်လုပ်သည့် ထုတ်ကုန်ကို လုံလောက်စွာ မထုတ်လုပ်နိုင်သည့် အကြောင်းပြချက်ဖြင့် မလွှဲမသွေပေးရမည့် လိုင်စင်တစ်ရပ်ကို လျှောက်ထားခြင်းမပြုနိုင်။ ထို့ပြင် တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏ မလုပ်ဆောင်နိုင်မှု သို့မဟုတ် လုံလောက်အောင် မဆောင်ရွက်နိုင်မှုအပေါ်တွင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ခုခံချေပနိုင်ပါက အဆိုပါလျှောက်ထားချက်ကို ငြင်းဆိုရမည်။

(ဂ) အေဂျင်စီသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် လိုင်စင်အသုံးပြုခွင့်ပေးထားခြင်းခံရသူ၏ တောင်းဆိုချက်အပေါ်တွင် နှစ်ဖက်စလုံးမှဖြစ်စေ၊ တစ်ဖက်တည်းကဖြစ်စေ ကြားနာရန် ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီး တီထွင်မှုမူပိုင်ခွင့်ကို လိုင်စင်ပေးသည့် ဆုံးဖြတ်ချက်ပါ သတ်မှတ်ချက်များအား ပြောင်းလဲသွားသော အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည်အထိ ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဃ) မလွှဲမသွေပေးရမည့်လိုင်စင်သည် လိုင်စင်ရပုဂ္ဂိုလ်၏ စီးပွားရေးလုပ်ငန်းအခွဲများကိုသာ လွှဲပြောင်းပေးအပ်နိုင်သည်။

၇၀။ (က) ပုဒ်မ ၆၅ အရ မလွှဲမသွေပေးရမည့် လိုင်စင်လျှောက်ထားရာတွင် တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်းလိုင်စင်လျှောက်ထားသူထံမှ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးရန် တောင်းဆိုချက်ကို လက်ခံရရှိခဲ့သော်လည်း အဆိုပါလျှောက်ထားသည့် ပုဂ္ဂိုလ်ကို သင့်လျော်သောအချိန်အတွင်း သင့်လျော်သောကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စည်းကမ်းချက်များပါရှိသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ကိုမပေးခဲ့ကြောင်း သက်သေခံအထောက်အထားကို ပူးတွဲတင်ပြရမည်။

(ခ) နိုင်ငံတော်၏ အရေးပေါ်အခြေအနေ သို့မဟုတ် ချက်ချင်းဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စရပ်များ သို့မဟုတ် စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူအတွက် အသုံးပြုသည့် ကိစ္စရပ်များ သို့မဟုတ် တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးလုပ်ငန်းစဉ်ဖြင့် ဆုံးဖြတ်ထားသည့် ယှဉ်ပြိုင်မှုပြုခြင်းကို ဆန့်ကျင်ခြင်းအား ကုစားရန် လိုင်စင်ပေးအပ်သည့် အခါများတွင် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိရန် ကြိုးပမ်းခဲ့မှုနှင့်ပတ်သက်သည့် သက်သေခံအထောက်အထားများ ပူးတွဲတင်ပြရန်မလို။

၇၁။ အေဂျင်စီမှ လိုင်စင်ထုတ်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းက တီထွင်မှုကိုအသုံးပြုခြင်းသည် ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ယှဉ်ပြိုင်မှုပြုခြင်းအား ဆန့်ကျင်သည့်လုပ်ရပ်ကို ကုစားရန် ခွင့်ပြုပေးထားသောအခါ သို့မဟုတ် မလွှဲမသွေပေးရမည့်လိုင်စင်သည် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်လုပ်မှုနည်းစဉ်တစ်ခုကို တောင်းဆိုထားသည့် တီထွင်မှုမူပိုင်ခွင့်တစ်ခုနှင့်သက်ဆိုင်နေပြီး လိုင်စင်ထုတ်ပေးရသည့် ရည်ရွယ်ချက်သည် ထုတ်လုပ်နိုင်မှု စွမ်းရည်မရှိသော သို့မဟုတ် ထုတ်လုပ်ရန် စွမ်းရည်မပြည့်မီသော နိုင်ငံ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ နယ်နိမိတ်အတွင်းသို့ အဆိုပါထုတ်ကုန်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ ရက်စွဲပါ ဆုံးဖြတ်ချက်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်ပို့ရန်ဖြစ်သည့်အခါ တို့မှတစ်ပါး အဓိကအားဖြင့် နိုင်ငံတော်၏ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဖြစ်ရမည်။

၇၂။ ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) အရ မလွှဲမသွေပေးရမည့် လိုင်စင်တစ်ရပ်ကို ခွင့်ပြုသည့်အခါ-

(က) ပထမတီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ဒုတိယတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသော တီထွင်မှုများကို သင့်လျော်သော စည်းကမ်းသတ်မှတ်ချက်များဖြင့် အပြန်အလှန် အသုံးပြုခွင့်လိုင်စင် ရခွင့်ရှိစေရမည်။

(ခ) ဒုတိယတီထွင်မှုမူပိုင်ခွင့်နှင့်အတူ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးခြင်းမှအပ ပထမတီထွင်မှုမူပိုင်ခွင့်အား ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးထားခြင်းကို လွှဲပြောင်းလုပ်ကိုင်ခွင့် မရှိစေရ။

၇၃။ မလွှဲမသွေပေးရမည့် လိုင်စင်ခွင့်ပြုပေးရန် တောင်းဆိုချက် သို့မဟုတ် နစ်နာကြေးဆိုင်ရာ ဆုံးဖြတ်ချက် အပါအဝင် ယင်းလိုင်စင်ခွင့်ပြုချက်နှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ပုဒ်မ ၉၄ အရ မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

## အခန်း (၁၈)

## တီထွင်မှုမူပိုင်ခွင့်ကို ပြန်လည်အပ်နှံခြင်းနှင့် ရုပ်သိမ်းခြင်း

၇၄။ တီထွင်မှုမူပိုင်ခွင့် ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်ကို ယင်း၏ဆန္ဒအလျောက် မှတ်ပုံတင်အရာရှိထံ ပြန်လည်အပ်နှံနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို တစ်ဦးထက်ပိုသူများက ပူးတွဲရရှိထားခြင်းဖြစ်ပြီး ယင်းတို့အချင်းချင်း အခြားနည်းဖြင့် သဘောတူညီချက်တစ်စုံတစ်ရာမရှိလျှင် ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူအားလုံး၏ သဘောတူညီချက်ဖြင့် တီထွင်မှုမူပိုင်ခွင့်ကို မှတ်ပုံတင်အရာရှိထံ ပြန်လည်အပ်နှံနိုင်သည်။

၇၅။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ပြန်လည်အပ်နှံခြင်းကို စိစစ်၍ ယင်းသို့ပြန်လည်အပ်နှံကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး အများပြည်သူသိရှိစေရန် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၇၆။ သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ပုဒ်မ ၇၇ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက တီထွင်မှုမူပိုင်ခွင့်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ရုပ်သိမ်းပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၇၇။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ လျှောက်ထားချက်အရ တီထွင်မှုမူပိုင်ခွင့်သည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက တီထွင်မှုမူပိုင်ခွင့်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ရုပ်သိမ်းရမည် -

(က) တီထွင်မှုသည် ပုဒ်မ ၁၃ နှင့် ၁၄ တို့အရ တီထွင်မှုမူပိုင်ခွင့်ရနိုင်သော တီထွင်မှု မဟုတ်ကြောင်း ပေါ်ပေါက်ခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသော သက်သေခံ အထောက်အထား ပေါ်ပေါက်ခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တွင် ပြင်ဆင်မှုများသည် ဖော်ပြချက်ကို ထုတ်ပြန်ကြေညာခဲ့စဉ်က မူလလျှောက်ထားချက်တွင် တောင်းဆိုထားသည့် အရာများထက် ကျော်လွန်နေကြောင်းတွေ့ရှိခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ သတ်မှတ်ထားသည့် အရေးပါသော သတင်းအချက်အလက်တစ်ရပ်ရပ်ကို ချန်လှပ်၍ဖြစ်စေ ရယူထားကြောင်းပေါ်ပေါက်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်တွင် တောင်းဆိုထားသော တီထွင်မှုကို ဦးစားပေး နေ့ရက် မတိုင်မီ လျှို့ဝှက်စွာ အသုံးပြုထားခြင်း၊

(စ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လိုအပ်သောသတင်းအချက်အလက်များကို မှတ်ပုံတင်အရာရှိထံ ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် သတင်းအချက်အလက်များကို မှားယွင်းစွာဖော်ပြထားခြင်း၊

(ဆ) တီထွင်မှုမူပိုင်ခွင့်ရုပ်သိမ်းပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ အပြီးသတ် ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်ကို လက်ခံရရှိခြင်း။

၇၈။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ပါက တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည် -

(က) လျှောက်ထားသူသည် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ လျှို့ဝှက်ထားရှိမှုကို ဖောက်ဖျက်ခြင်း သို့မဟုတ် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဂ) ကို ဖောက်ဖျက်၍ အခြားနိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်း၊

(ခ) ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ နှစ်စဉ်ကြေးပေးသွင်းထားမှုမရှိ၍ ပျက်ပြယ်ခြင်း၊

(ဂ) တီထွင်မှုတွင် အသုံးပြုထားသော မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှဆင်းသက်လာသော တီထွင်မှုတွင် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၇) နှင့်အညီ ဖော်ပြမထားခြင်း သို့မဟုတ် မမှန်မကန် ဖော်ပြထားခြင်း။

၇၉။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းပါက ယင်းသို့ရုပ်သိမ်းကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ထံအကြောင်းကြား၍ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ အဆိုပါရုပ်သိမ်းခြင်းကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၉)
## အသေးစားတီထွင်မှု

၈၀။ (က) အသေးစားတီထွင်မှုတစ်ခုသည် အသစ်ဖြစ်ရမည်ဖြစ်ပြီး စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ပါက အသေးစားတီထွင်မှုမူပိုင်ခွင့်အဖြစ် မှတ်ပုံတင်လျှောက်ထားနိုင်သည်။

(ခ) အောက်ပါတို့သည် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ် မရရှိစေရ -

(၁) ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊

(၂) ဓာတု၊ ဆေးဝါး၊ ဇီဝ၊ သတ္တုဆိုင်ရာအရာဝတ္ထုများ၊ အခြားသောအရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ၊

(၃) ဤဥပဒေနှင့်အညီ တီထွင်မှုမူပိုင်ခွင့်အကာအကွယ်ပေးခြင်းမှ တားမြစ်ထားသောအရာများ၊

(၄) ပန်းပု၊ ဗိသုကာလက်ရာများ သို့မဟုတ် သဘာဝအတိုင်းတည်ရှိနေသော အလှအပအဆင်တန်ဆာများ။

(ဂ) အသေးစားတီထွင်မှုဆိုင်ရာ ဖော်ပြချက်သည် သက်ဆိုင်ရာနည်းပညာနယ်ပယ်ရှိ သာမန်တတ်ကျွမ်းသူတစ်ဦးက အဆိုပါ အသေးစားတီထွင်မှုကို ဆက်လက်ပြုလုပ်နိုင်သည်အထိ ပြည့်စုံရှင်းလင်းစွာ ဖော်ပြရမည်ဖြစ်ပြီး အထူးသဖြင့် အရာဝတ္ထု၏ အသုံးဝင်မှု သို့မဟုတ် လုပ်ဆောင်ချက်များကို မည်သို့မြှင့်တင်ပေးထားသည်ကို ဖော်ပြရမည်။

(ဃ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအား မထိခိုက်စေဘဲ တီထွင်မှုမူပိုင်ခွင့်များနှင့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းများဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသေးစားတီထွင်မှု မူပိုင်ခွင့် ခွင့်ပြုရန် လိုအပ်သည့် နေရာများတွင် အသုံးပြုနိုင်သည်။

၈၁။ အသေးစားတီထွင်မှုမူပိုင်ခွင့်သက်တမ်းသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်မှ ၁၀ နှစ်ဖြစ်သည်။

၈၂။ စစ်ဆေးရေးအရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှု ရှိ မရှိ၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၈၀၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်များကို မှတ်ပုံတင်အရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိပါက မှတ်ပုံတင်အရာရှိထံတင်ပြပြီး အဆိုပါလျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူ၍ ရုပ်သိမ်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ချက်ကို လက်ခံရရှိပါက စိစစ်ပြီး လျှောက်ထားချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၈၃။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၈၂ အရ တင်ပြသည့် သဘောထားမှတ်ချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်သော လျှောက်ထားချက်များကို အများပြည်သူသိရှိနိုင်ရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၈၄။ (က) အသေးစားတီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခိုင်လုံသော သက်သေခံအထောက်အထားများဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) စစ်ဆေးရေးအရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်၊ ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့် အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၈၅။ မှတ်ပုံတင်အရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာ တင်သွင်းခြင်း မရှိပါက အဆိုပါ အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာတင်သွင်းလာပါက ကန့်ကွက်ချက်၊ စစ်ဆေးရေးအရာရှိ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့ပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် လျှောက်ထားသူအား အသေးစားတီထွင်မှုမူပိုင်ခွင့် လက်မှတ်ကို ထုတ်ပေးရမည်။

၈၆။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ လျှောက်ထားချက်အရ အသေးစားတီထွင်မှုမူပိုင်ခွင့်သည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက အဆိုပါ အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းခြင်း ပြုနိုင်သည် -

(က) ပုဒ်မ ၈၀၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသူမဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်ခြင်း။

၈၇။ (က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီ မည်သည့်အချိန်တွင်မဆို သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မူလလျှောက်ထားချက် လျှောက်ထားသည့်နေ့ကို လျှောက်လွှာတင်သွင်းသည့်နေ့အဖြစ်မှတ်ယူပြီး အသေးစား တီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲလျှောက်ထားနိုင်သည်။

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းပြီး မူလလျှောက်ထားသည့်နေ့ကို လျှောက်လွှာတင်သွင်းသည့်နေ့အဖြစ် မှတ်ယူပြီး တီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲလျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို တစ်ကြိမ်ထက်ပို၍ ပြောင်းလဲခြင်း မပြုရ။

၈၈။ လျှောက်ထားသူသည် တူညီသော တီထွင်မှုတစ်ခုအတွက် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှစ်မျိုးကို တစ်ပြိုင်နက်တည်းဖြစ်စေ၊ တစ်ခုပြီးမှ တစ်ခုဖြစ်စေ အပြိုင်လျှောက်ထားခြင်း မပြုရ။

## အခန်း (၂၀)
## အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း

၈၉။ အပြည်ပြည်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်ကို ကျင့်သုံးလိုပါက သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၉၀။ မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်အား ဖော်ပြလျှောက်ထားသော အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခုကို တီထွင်မှုမူပိုင်ခွင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ ခွင့်ပြုသော အပြည်ပြည်ဆိုင်ရာတွင် လျှောက်ထားသည့်နေ့ကို နိုင်ငံတော်တွင် လျှောက်ထားသည့်နေ့အဖြစ် သတ်မှတ်ပြီး ဤဥပဒေအရ လျှောက်ထားသော တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တစ်ခုအဖြစ် မှတ်ယူရမည်။

၉၁။ ဦးစီးဌာနသည် မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် နေထိုင်သူတစ်ဦးက အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခု တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံသည့်ရုံးအဖြစ် ဆောင်ရွက်ရမည်။

၉၂။ ဦးစီးဌာနသည် ဤဥပဒေအရ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု အကာအကွယ်ကို ရရှိရန် နိုင်ငံတော်ကို ဖော်ပြလျှောက်ထားလာသော အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခုနှင့် စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ရန် သတ်မှတ်ထားသည့်ရုံးအဖြစ် ဆောင်ရွက်ရမည်။

## အခန်း (၂၁)
## အယူခံခြင်း

၉၃။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အေဂျင်စီထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သက်သေခံအထောက်အထား ထပ်မံရယူတင်ပြလာလျှင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

၉၄။ အေဂျင်စီက ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

## အခန်း (၂၂)
## မူပိုင်ခွင့်တရားရုံး တည်ထောင်ခြင်း

၉၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံးများကို တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများအား မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ မူပိုင်ခွင့်တရားရုံးများကို တည်ထောင်ခြင်းမပြုမီ မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် သင့်လျော်သောတရားရုံးအား မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးများက ချမှတ်သောစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ပုဒ်မ ၉၄ အရ လျှောက်ထားချက်များကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် မူပိုင်ခွင့်တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

## အခန်း (၂၃)

## တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ လုပ်ပိုင်ခွင့်များ

၉၆။ (က) အခွင့်အရေးရရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ပုဒ်မ ၉၇ နှင့် ၉၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီအရေးယူဆောင်ရွက်သည့်အမိန့် ချမှတ်ပေးရန် မူပိုင်ခွင့် တရားရုံးတွင် အထွေထွေမှု လျှောက်ထားနိုင်သည်။

(ခ) အခွင့်အရေးရရှိသူသည် တရားမကြောင်းအရ အရေးယူပေးရန် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

၉၇။ (က) မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပုဒ်မ ၉၆၊ ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက အောက်ပါ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးရန် သင့်သည်ထင်မြင်သည့်အမိန့်၊

(၂) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော သက်သေခံ အထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန် သင့်သည် ထင်မြင်သည့် အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားသူထံမှ အောက်ပါ တို့ကို တင်သွင်းရန် ညွှန်ကြားနိုင်သည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏အခွင့်အရေးကို ထိပါးချိုးဖောက် နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ထင်ရှားစေရန် ခိုင်လုံသည့် အထောက်အထားများကို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေခြင်း။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) ပါ အမိန့်အရ ယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြား သတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ်ဆုံးဖြတ်နိုင်ရန်အတွက် မူပိုင်ခွင့်တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တရားစွဲဆိုမှုကို တရားမကြောင်းအရ တရားစွဲဆိုခြင်းမရှိလျှင် ပုဒ်မ ၉၈၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မ ၉၇၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၉၈၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့်ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သောလျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၉၈။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကိုဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ပျက်စီးဆုံးရှုံးမည့်အန္တရာယ် အမှန်တကယ်ကျရောက်နေခြင်း။

(ခ) မူပိုင်ခွင့်တရားရုံးသည် တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်ရာတွင် -

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(၃) ယင်းအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၉၉။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ ပုဒ်မ ၉၆၊ ပုဒ်မခွဲ (ခ) အရ စွဲဆိုမှုတွင် မူပိုင်ခွင့် တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီး တင်သွင်းလာမည့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးခြင်းအပါအဝင် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်မှုအတွက် တားမြစ်သည့်အမိန့်၊

(ခ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံသို့ လုံလောက်သော

နစ်နာကြေးပေးဆောင်စေရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သောကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ပေးစေရန်အမိန့်၊

(ဂ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သောကုန်ကျစရိတ်များကို ပေးဆောင်စေရန်အမိန့်။

၁၀၀။ (က) မူပိုင်ခွင့်တရားရုံးသည် အခွင့်အရေးရရှိသူ၏ လျှောက်ထားချက်အပေါ် တရားမလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိပါးချိုးဖောက်မှုအတွက် အပြီးသတ်ဆုံးဖြတ်ချက်အမိန့်ချမှတ်ရာ၌ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ချမှတ်နိုင်သည် -

(၁) ထိပါးချိုးဖောက်ကြောင်း တွေ့ရှိသည့် ကုန်ပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားမြစ်ခြင်း၊

(၂) ထပ်မံထိပါးချိုးဖောက်မှုကိုလျော့နည်းစေရေးအတွက် လျော်ကြေးတစ်စုံတစ်ရာပေးဆောင်ခြင်းမရှိဘဲ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖန်တီးရာတွင် အဓိကအသုံးပြုသောပစ္စည်းများ သို့မဟုတ် ကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားမြစ်ခြင်း။

(ခ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) တားမြစ်မိန့်ချမှတ်ခြင်းကြောင့် ရရှိမည့် အကျိုးသက်ရောက်မှု၊

(၂) ဖျက်ဆီးမှုဆောင်ရွက်ခြင်းဖြင့် ထိပါးချိုးဖောက်မှုအတိုင်းအတာနှင့် အချိုးကျကိုက်ညီမှု၊

(၃) ဖျက်ဆီးပုံ၊ ဖျက်ဆီးနည်းသည် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု၊

(၄) အခြားပုဂ္ဂိုလ်များ၏ တရားဝင်အကျိုးစီးပွားထိခိုက်မှု။

၁၀၁။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့ တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် လျှောက်ထားခံရသူကို လျှောက်ထားသူက လျော်ကြေးပေးရမည့်အပြင် လျှောက်ထားခံရသူ၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၁၀၂။ (က) မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများကို ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် တီထွင်မှုမူပိုင်ခွင့်ပါ အကြောင်းအရာသည် ထုတ်ကုန်ပစ္စည်းတစ်ခုကိုရရှိနိုင်သည့် ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်ဖြစ်ပါက ထပ်တူညီသော ထုတ်ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ရာ၌ အသုံးပြုသော ထုတ်လုပ်မှုနည်းစဉ်သည် တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်နှင့် ကွဲပြားခြားနားကြောင်း သက်သေပြရန် လျှောက်ထားခံရသူကို အမိန့်ချမှတ်နိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်သည် အသစ်ဖြစ်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ထားသည့် တူညီသောမည်သည့်ထုတ်ကုန်ပစ္စည်းကိုမဆို ဆန့်ကျင်ကွဲလွဲသည့်သက်သေမပြနိုင်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသည်ဟု မှတ်ယူရမည်။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) အရ သက်သေခံအထောက်အထားတင်ပြရန် တောင်းခံရာတွင် ချိုးဖောက်ကျူးလွန်သည်ဟု စွပ်စွဲခံရသည့် လျှောက်ထားခံရသူက ယင်း၏ ထုတ်လုပ်မှုနည်းစဉ်များနှင့် စီးပွားရေးဆိုင်ရာ လျှို့ဝှက်ချက်များကို ထုတ်ဖော်ပြသခြင်း မရှိခဲ့လျှင် ထိုသူ၏ တရားဝင်အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားရမည်။

၁၀၃။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာအထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာ ဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏ အပြန်အလှန်စွပ်စွဲငြင်းဆိုသည့်အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း စသည့်ပဏာမနှင့် အပြီးသတ် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်။

၁၀၄။ မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၂၄)
## ပြစ်ဒဏ်များ

၁၀၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်အတူ တီထွင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်းမပြုမီ သတ်မှတ်သည့်ကာလအတွင်း၌ သက်ဆိုင်မှုမရှိသူအား ခွင့်ပြုချက်မရှိဘဲပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း၊

(ဃ) တီထွင်မှုဆိုင်ရာအသေးစိတ်အချက်အလက်များကို သက်ဆိုင်မှုမရှိသူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

၁၀၆။ မည်သူမဆို ထုတ်ကုန်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် တင်သွင်းထားခြင်းမရှိဘဲဖြစ်စေ၊ တင်သွင်းထားခဲ့သည့် လျှောက်ထားချက်ကို ငြင်းပယ်ခံထားရလျက်ဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို တင်သွင်းထားသည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ရရှိခြင်းမရှိဘဲ တီထွင်မှုမူပိုင်ခွင့်ရရှိပြီးဖြစ်သည်ဟု မမှန်မကန်ဖော်ပြကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၂၅)
## အထွေထွေ

၁၀၇။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ တီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၁၀၈။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကိုအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက သတ်မှတ်ချက်များနှင့်အညီ ထိုသူကို တင်ပြကြားနာခွင့် ပေးရမည်။

၁၀၉။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာ မူပိုင်ခွင့်တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၁၁၀။ လျှောက်ထားသူ အမြဲတမ်းနေထိုင်သည့်နေရာ သို့မဟုတ် လုပ်ငန်းတည်ရှိရာ ပင်မနေရာသည် နိုင်ငံတော်၏ နယ်နိမိတ်ပြင်ပတွင်ဖြစ်ပါက ကိုယ်စားလှယ် သို့မဟုတ် ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းနှင့်အညီ မှတ်ပုံတင်ထားသော တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်မှတစ်ဆင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း တီထွင်မှုမူပိုင်ခွင့် လျှောက်ထားနိုင်သည်။

၁၁၁။ တီထွင်ထားသည့် ထုတ်ကုန်နှင့် ထုတ်လုပ်မှုနည်းစဉ်တို့သည် ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို ရှိစေကာမူ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအဖြစ် မှတ်ယူရမည်။

၁၁၂။ ဤဥပဒေပါ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ် အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ကိစ္စများတွင် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ကုန်ပစ္စည်း တစ်ခုခုကို အများပြည်သူအကျိုးငှာ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၁၃။ တီထွင်မှုမူပိုင်ခွင့် အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့်အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၁၁၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့် အေဂျင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၁၁၅။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်နှင့် လုပ်ငန်း အဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၁၁၆။ ဤဥပဒေပါ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၁၁၇။ ဝန်ကြီးဌာနသည် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ၎င်း၏ မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၁၈။ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ဗဟိုကော်မတီနှင့် အေဂျင်စီတို့သည် မူပိုင်ခွင့်ဥပဒေအားလုံး အတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

၁၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးနှင့်သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် -

(၁) နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အေဂျင်စီနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မွန်ပြည်နယ်၊ ရေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၁) နေရာ၌ ဦးကျော်လွင်ဦး **အစား** ဦးခင်စိုးဦး အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၂/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဒေါ်ကျင်မြင့် **အစား** ဦးခင်မောင်ရီ အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၃၃/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးအေးကိုကို **အစား** ဦးကျော်ဆွေ အား စတင် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

**ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ၄/သစ်တောအကွက်၊ ဦးပိုင်အမှတ် (န/၄၅) ရှိ ဧရိယာ (၀. ၁၄၇) ဧက မြေကွက်ကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးကိစ္စ**

၁။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ပဉ္စမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ၄/သစ်တောအကွက်၊ ဦးပိုင်အမှတ် (န/၄၅) ရှိ ဧရိယာ (၀. ၁၄၇) ဧက မြေကွက်ကို အမြင့်ဆုံးအဆိုပြု ဈေးနှုန်း ကျပ် ၅. ၆ သန်းဖြင့် အဆိုပြုသူ ဦးဇော်မြင့်နိုင် ကို ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဦးဇော်မြင့်နိုင် သည် အဆိုပါ မြေကွက်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၁. ၆၈ သန်းကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့နှင့် တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ကျပ် ၃. ၉၂ သန်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ တို့တွင် အကျေပေးသွင်းပြီးဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဇော်မြင့်နိုင် သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန်ဖြစ်ပါသည်။

၃။ ဦးဇော်မြင့်နိုင် အနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့် အဆောက်အအုံကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည် ဖြစ်ပါသည်။

၄။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ၄/သစ်တောအကွက်၊ ဦးပိုင်အမှတ် (န/၄၅) ရှိ ဧရိယာ (၀. ၁၄၇) ဧက မြေကွက်ကို ဝယ်ယူသူ ဦးဇော်မြင့်နိုင် ၏ အမည်ပေါက်မြေဂရန် ထုတ်ပေးရေးကို တောင်ငူမြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

မောင်မောင်ဝင်း၊
တွဲဖက်အတွင်းရေးမှူး၊
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ ဦးပိုင် (၃၀)၊ မြေတိုင်း (၁၅-E)၊ မြေကွက်အမှတ် (B) ရှိ မြေ (၀. ၁၁၀) ဧကကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးကိစ္စ**

၁။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ပဉ္စမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ အကွက်အမှတ် (၁၅-E)၊ လိပ်ပြာကန်တောင်ရပ်၊ မြေကွက်အမှတ် (B)၊ ဦးပိုင်အမှတ်-၃၀ (စ)၊ မြေ (၀. ၀၈၈) ဧကနှင့် ဦးပိုင်အမှတ်-၃၁ (ဃ)၊ မြေ (၀. ၀၂၂) ဧက စုစုပေါင်းမြေ (၀. ၁၁၀) ဧကကို အမြင့်ဆုံးအဆိုပြုဈေးနှုန်း ကျပ် ၁၁၁. ၁၁ သန်းဖြင့် အဆိုပြုသူ ဦးဆန်းလွင် ကို ဝယ်ယူခွင့် ပြုခဲ့ပါသည်။

၂။ ဦးဆန်းလွင် သည် အဆိုပါ မြေကွက်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၃၃. ၃၃၅ သန်းကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့နှင့် တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ကျပ် ၇၇. ၇၇၅ သန်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဦးဆန်းလွင် သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန်ဖြစ်ပါသည်။

၃။ ဦးဆန်းလွင် အနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့် အဆောက်အအုံကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည်ဖြစ်ပါသည်။

၄။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ အကွက်အမှတ် (၁၅-E)၊ လိပ်ပြာကန်တောင်ရပ်၊ မြေကွက်အမှတ် (B)၊ ဦးပိုင်အမှတ်-၃၀ (စ)၊ မြေ (၀. ၀၈၈) ဧကနှင့် ဦးပိုင်အမှတ်-၃၁ (ဃ)၊ မြေ (၀. ၀၂၂) ဧက စုစုပေါင်းမြေ (၀. ၁၁၀) ဧကကို ဝယ်ယူသူ ဦးဆန်းလွင် ၏ အမည်ပေါက်မြေဂရန် ထုတ်ပေးရေးကို ပဲခူးမြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

မောင်မောင်ဝင်း၊
တွဲဖက်အတွင်းရေးမှူး၊
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ ဦးပိုင် (၃၀)၊ မြေတိုင်း (၁၅-E)၊ မြေကွက်အမှတ် (D) ရှိ မြေ (၀. ၁၁၀) ဧကကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးကိစ္စ**

၁။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ပဥ္စမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ အကွက်အမှတ် (၁၅-E)၊ လိပ်ပြာကန်တောင်ရပ်၊ မြေကွက်အမှတ် (D)၊ ဦးပိုင်အမှတ်-၃၀ (င)၊ မြေ (၀. ၀၅၄) ဧကနှင့် ဦးပိုင်အမှတ်-၃၁ (ခ)၊ မြေ (၀. ၀၅၆) ဧက၊ စုစုပေါင်းမြေ (၀. ၁၁၀) ဧကကို အမြင့်ဆုံးအဆိုပြုဈေးနှုန်း ကျပ် ၁၁၁. ၁၁ သန်းဖြင့် အဆိုပြုသူ ဦးဆန်းလွင် ကို ဝယ်ယူခွင့် ပြုခဲ့ပါသည်။

၂။ ဦးဆန်းလွင် သည် အဆိုပါ မြေကွက်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၃၃. ၃၃၃ သန်းကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့နှင့် တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ကျပ် ၇၇. ၇၇၇ သန်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဦးဆန်းလွင် သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန်ဖြစ်ပါသည်။

၃။ ဦးဆန်းလွင် အနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့် အဆောက်အအုံကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည် ဖြစ်ပါသည်။

၄။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ အကွက်အမှတ် (၁၅-E)၊ လိပ်ပြာကန်တောင်ရပ်၊ မြေကွက်အမှတ် (D)၊ ဦးပိုင်အမှတ်-၃၀ (င)၊ မြေ (၀. ၀၅၄) ဧကနှင့် ဦးပိုင်အမှတ်-၃၁ (ခ)၊ မြေ (၀. ၀၅၆) ဧက၊ စုစုပေါင်းမြေ (၀. ၁၁၀) ဧကကို ဝယ်ယူသူ ဦးဆန်းလွင် ၏ အမည်ပေါက်မြေဂရန် ထုတ်ပေးရေးကို ပဲခူးမြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက် ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

မောင်မောင်ဝင်း၊
တွဲဖက်အတွင်းရေးမှူး၊
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၃/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအား ပြင်ဆင်ဖွဲ့စည်းခွင့်ပြုခြင်း**

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ (ကြာသပတေး)တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) မှ သဘောတူ

ခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအား အရာထမ်း ၂၆၀ နေရာ၊ အမှုထမ်း ၂၉၆၉ နေရာ၊ စုစုပေါင်း ၃၂၂၉ နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၄/၂၀၁၉)**

**ချင်းပြည်နယ်၊ မတူပီခရိုင်၊ ပလက်ဝမြို့နယ်တွင်**

**အမှတ် (၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (မောင်တော) အား ခုနှိမ်ပြောင်းရွှေ့ဖွင့်လှစ်ခွင့်ပြုခြင်း**

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ (ကြာသပတေး)တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ အမှတ် (၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး (စစ်တွေ) ကွပ်ကဲမှုအောက်ရှိ အရာထမ်း ၁၀ နေရာ၊ အမှုထမ်း ၈၁၆ နေရာ၊ စုစုပေါင်း ၈၂၆ နေရာဖြင့် ဖွဲ့စည်းခွင့်ရရှိထားသည့် အမှတ် (၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (မောင်တော) ကို အင်အားမပြောင်းလဲဘဲ ချင်းပြည်နယ်၊ မတူပီခရိုင်၊ ပလက်ဝမြို့နယ်သို့ ပြောင်းရွှေ့ပြင်ဆင်ဖွင့်လှစ်ခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်)

အမှတ် ၃၂။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၂) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဦးစီးအရာရှိ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (က) | ဒေါ်စောကလျာ | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ထီးချိုင့်မြို့နယ် | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မင်းတပ်ခရိုင် |
| (ခ) | ဒေါ်သိမ့်ဝါ | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မကွေးတိုင်းဒေသကြီး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဖာပွန်ခရိုင် |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးကြည်ဝင်း (ပ/၃၂၇၆) အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၆) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး (လယ်ယာကဏ္ဍ)၊ ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူး<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ | အဖွဲ့ဝင် |
| (ဃ) | လက်ထောက်အတွင်းဝန်<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ | ဘဏ္ဍာရေးမှူး |
| (င) | လက်ထောက်အတွင်းဝန်<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်<br>လုပ်ငန်းစစ်ဆေးရေးဌာနခွဲ | အတွင်းရေးမှူး |

၂။ အဆိုပါ ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီသည် ဝန်ထမ်းသက်သာချောင်ချိရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ လုပ်ငန်းတာဝန်များ၊ ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းကိစ္စရပ်များအား ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၆) နှင့်အညီ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ ဝန်ကြီးရုံး (လယ်ယာကဏ္ဍ)၊ ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီ ရန်ပုံငွေစာရင်းစစ်ဆေးရေး အဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၆) ပါ အခန်း (၄)၊ အပိုဒ် (၂၃) အရ အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) လက်ထောက်အတွင်းဝန် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ခေါင်းဆောင်

(ခ) ဒုတိယညွှန်ကြားရေးမှူး ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ — အဖွဲ့ဝင်

(ဂ) ဒုတိယညွှန်ကြားရေးမှူး အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ — အတွင်းရေးမှူး

၄။ အထက်ဖော်ပြပါ စာရင်းစစ်ဆေးရေးအဖွဲ့သည် ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ်ရငွေ၊ သုံးငွေစာရင်းများကို လစဉ်စစ်ဆေးခြင်း၊ တွေ့ရှိချက် အစီရင်ခံစာကို ကော်မတီသို့တင်ပြခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၆) ပါ အခန်း (၄)၊ အပိုဒ် (၂၅) ပါအတိုင်းစစ်ဆေး၍ နှစ်ချုပ်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူနိုင်ရေး ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၅။ ဤဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (၃) (၂၇၀၉/၂၀၁၈) အမိန့်ကြော်ငြာစာအား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ လေကြောင်းပျံသန်းမှုလမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲ၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာအခွန်ဌာနစုမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ စာရင်းကိုင် - ၁ ဒေါ်ဝင်းရီ အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်မန်နေဂျာ (ငွေစာရင်း) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၁/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ကြီးကြပ်ရေးမှူး (တိုင်းတာရေး) (၅) ဦးအား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဦးစိုးနိုင်ထွန်း | ဦးစီးအရာရှိ (တိုင်းတာရေး) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဦးကျော်သူရဦး | ဦးစီးအရာရှိ (တိုင်းတာရေး) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဂ) | ဦးကျော်နိုင် | ဦးစီးအရာရှိ (တိုင်းတာရေး) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဃ) | ဦးအောင်ဖေမြင့် | ဦးစီးအရာရှိ (တိုင်းတာရေး) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (င) | ဦးဦးရွှေသာ | ဦးစီးအရာရှိ (တိုင်းတာရေး) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၂/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ရုံးအုပ် (၄) ဦးအား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဒေါ်သွဲ့သွဲ့အေး | ဦးစီးအရာရှိ (အုပ်ချုပ်) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဒေါ်သန္တာလှိုင် | ဦးစီးအရာရှိ (အုပ်ချုပ်) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဂ) | ဒေါ်ဇာချိန်ဆင့် | ဦးစီးအရာရှိ (အုပ်ချုပ်) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဃ) | ဒေါ်မသိန်းအေး | ဦးစီးအရာရှိ (အုပ်ချုပ်) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ

လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ-၁ ဦးထွန်းမင်းဦး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်အင်ဂျင်နီယာရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၄/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာအမျိုးသားလေကြောင်း၊ ဘဏ္ဍာရေးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ စာရင်းကိုင်-၁ ဒေါ်ခင်ယုမာ (လရ-၃၃၁၄) အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်မန်နေဂျာ (စာရင်း) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၅၅/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ ရေယာဉ်အုပ်-၂ (၃) ဦးအား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဦးဇော်သန်းဦး | ရေယာဉ်မှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဦးညွန့်ဝင်း | ရေယာဉ်မှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဂ) | ဦးလင်း | ရေယာဉ်မှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၅ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ဖောင်တော်ပြန်လမ်း၊ ဝင်းရပ်ကွက် (၃) ရှိ

Golden Island Cottages Hotel Group Co.,Ltd အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များ အလို့ငှာ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ဖောင်တော်ပြန်လမ်း၊ ဝင်းရပ်ကွက် (၃) ရှိ Golden Island Cottages Hotel Group Co.,Ltd အား ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၉ အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစ၍ ပြောင်းရွှေ့ တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန္တာခင် [၉/ကဆန (နိုင်) ၀၀၀၀၉၄] အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစ၍ ဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါ်ခင်သက်ထား<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးမင်းဇော်<br>လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဂ) | ဦးညီညီသိန်းဇံ<br>ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်သွင်ဦး<br>ညွှန်ကြားရေးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးမောင်မောင်လွင်<br>ဒုတိယညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးလှဝေ<br>ဒုတိယညွှန်ကြားရေးမှူး<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဦးမောင်မောင်ပါ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးရဲမျိုးလွင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးတင်မိုးအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးနီတူးအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ဦးအောင်နေထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | ဦးထက်ဝင်းအောင်<br>ဦးစီးအရာရှိ<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးမျိုးဟိန်း<br>ဦးစီးအရာရှိ<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဦးအောင်မျိုးသန့်<br>ဦးစီးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဦးဇော်ဇော်လတ်<br>ဒုတိယဦးစီးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

အမှတ် ၆ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၁၉/၁၈၄၂ ဖြင့် ခွင့်ပြုချက်အရ မန္တလေးပြည်သူ့ဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာနွယ်နီ (ဆမ - ၁၀၃၈၆) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ အပိုဒ် (၈၁) အရ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ် ပြည့်သည့် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၅ ရက်)

အမှတ် ၇ ။ ။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာနမှ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့၏ အမည်နှင့် ယှဉ်တွဲပါ ရာထူးဌာနများသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၁။ | ဦးဝင်းဟန် (တဆ-၇၅၂)<br>ဒုတိယညွှန်ကြားရေးမှူး<br>ဆေးဝါးမှတ်ပုံတင်ဌာန<br>ဆေးဝါး/ဥယျာဉ်ဌာနခွဲ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) | ညွှန်ကြားရေးမှူး<br>စီမံခန့်ခွဲရေးဌာန<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |
| ၂။ | ဦးသန်းညွန့် (တဆ-၇၉၇)<br>တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) | ညွှန်ကြားရေးမှူး<br>ကုသရေးဌာန<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |
| ၃။ | ဒေါ်ဆွေဆွေ<br>ဒုတိယညွှန်ကြားရေးမှူး<br>သုတေသနဌာန<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) | ညွှန်ကြားရေးမှူး<br>သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်များသည် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

### (ဝန်ကြီးရုံး)
### အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၉

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ဆုံးဖြတ်ချက်အရ ကုသရေးဦးစီးဌာန၊ အင်ဂျင်နီယာဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ

ကျော်ဇေယျ (ဆမ-၁၃၉၂၇) အား ကုသရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နှစ်နိုင်ငံအပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများနှင့် သံတမန်များက ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များကို ပြန်အမ်းငွေထုတ်ပေးခြင်းနှင့်စပ်လျဉ်းသည့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ဇယားအမှတ်စဉ် ၇၆ နှင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) ဇယားအမှတ်စဉ် ၂၄ တို့အရ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိမည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော နိုင်ငံခြားသံရုံးများ၊ သံရုံးငယ်များ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းရုံးများနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများမှာ နောက်ဆက်တွဲဇယားပါအတိုင်းဖြစ်သည်။

၃။ အထက်အပိုဒ် ၂ ပါ ကင်းလွတ်ခွင့်ရရှိသူများအနေဖြင့် အမေရိကန်ဒေါ်လာ ၅၀ နှင့်အထက် သို့မဟုတ် ၎င်းတန်ဖိုးနှင့်ညီမျှသော မြန်မာကျပ်ငွေနှင့်အထက် ပြည်တွင်းတွင် ကုန်စည်ဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်အမ်းငွေလျှောက်ထားနိုင်သည်။

၄။ ယင်းသို့လျှောက်ထားရာတွင် ပြေစာမူရင်း သို့မဟုတ် တာဝန်ခံမိတ္တူ (Certified Copy)၊ သံတမန်သက်သေခံကတ်ပြား (မိတ္တူ)၊ သံရုံး၏ရုံးတံဆိပ်များ၊ သံတမန်နှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အမှန်တကယ်သုံးစွဲကြောင်း သံရုံးအကြီးအကဲ သို့မဟုတ် သံရုံးဒုတိယအကြီးအကဲ၏ထောက်ခံချက်နှင့်အတူ သတ်မှတ်ထားသည့် လျှောက်လွှာများတွင် ဖြည့်စွက်လျက် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ (၃) လ တစ်ကြိမ် သတ်မှတ်ထားသည့်ကာလများ (ဒီဇင်ဘာလ/မတ်လ/ဇွန်လ/စက်တင်ဘာလ) အတွင်း လျှောက်ထား၍ ပြန်အမ်းငွေ ထုတ်ယူနိုင်သည်။

၅။ ကုန်သွယ်လုပ်ငန်းခွန် ပြန်အမ်းရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) ပေးသွင်းငွေသည် ကျပ်ငွေဖြစ်ပါက ကျပ်ငွေဖြင့် ပြန်အမ်းရမည်၊

(ခ) ပေးသွင်းငွေသည် နိုင်ငံခြားငွေဖြစ်ပါက ပေးသွင်းသော နိုင်ငံခြားငွေအမျိုးအစားဖြင့်ဖြစ်စေ၊ ပြန်အမ်းငွေထုတ်ပေးသည့်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်သည့် နိုင်ငံခြားငွေ လဲလှယ်နှုန်းဖြင့် တန်ဖိုးဖလှယ်၍ ရရှိသောကျပ်ငွေဖြင့်ဖြစ်စေ ပြန်အမ်းရမည်။

၆။ ဤအမိန့်ကြော်ငြာစာပါ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်များသည် ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

**နှစ်နိုင်ငံအပြန်အလှန်အခွင့်အရေးမူအရ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုမည့် မြန်မာနိုင်ငံအခြေစိုက်နိုင်ငံခြားသံရုံးများ၊ ကုန်စည်အမျိုးအစားများနှင့် ဝန်ဆောင်မှုများ**

| စဉ် | မြန်မာနိုင်ငံအခြေစိုက် သံရုံးများ | ကုန်စည်အမျိုးအစားများ | ဝန်ဆောင်မှုများ |
|---|---|---|---|
| ၁။ | စင်ကာပူသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | သံရုံး၊ သံအမတ်ကြီးနေအိမ်၊ သံရုံးဝန်ထမ်းနေအိမ်များငှားရမ်းခြင်း။ |
| ၂။ | ဗီယမ်နမ်သံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | သံရုံးအကြီးအကဲ နေအိမ်နှင့် သံရုံးအဆောက်အဦ ငှားရမ်းခြင်း၊ ပြင်ဆင်ခြင်း၊ သံရုံးအကြီးအကဲ နေအိမ်နှင့် သံရုံးအဆောက်အဦအတွက် တယ်လီဖုန်းနှင့် အင်တာနက် သုံးစွဲခြင်း။ |
| ၃။ | ဖိလစ်ပိုင်သံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | စားသောက်ဆိုင်၊ ဟိုတယ်ဝန်ဆောင်မှု၊ ပစ္စည်းငှားရမ်းခြင်း၊ အဆောက်အဦပြင်ဆင်ခြင်း (သံရုံး အတွက်သာ)။ |
| ၄။ | ထိုင်းသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | သံရုံးအခမ်းအနားအတွက် ဟိုတယ်ဝန်ဆောင်မှု၊ တယ်လီဖုန်းသုံးစွဲခြင်း။ |
| ၅။ | ဘင်္ဂလားဒေ့ရှ်သံရုံး၊ ရန်ကုန်မြို့။ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ရုံး၊ စစ်တွေမြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | ဟိုတယ်ဝန်ဆောင်မှု၊ စားသောက်ဆိုင်။ |
| ၆။ | ပြင်သစ်သံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | အမျိုးသားနေ့နှင့် နိုင်ငံတော်အဆင့် ဧည့်ခံပွဲများ၊ သံရုံး အဆောက်အဦပြင်ဆင်ထိန်းသိမ်းခြင်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုများ။ |
| ၇။ | ဘရူနိုင်းသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | - |
| ၈။ | လာအိုသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | - |

| စဉ် | မြန်မာနိုင်ငံအခြေစိုက် သံရုံးများ | ကုန်စည်အမျိုးအစားများ | ဝန်ဆောင်မှုများ |
|---|---|---|---|
| ၉။ | အင်ဒိုနီးရှားသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | ဟိုတယ်ဝန်ဆောင်မှု၊ စားသောက်ဆိုင်၊ ခန်းမငှားရမ်းခြင်း၊ အခမ်းအနားသုံးပစ္စည်းများငှားရမ်းခြင်း၊ အဆောက်အဦ ပြင်ဆင်ထိန်းသိမ်းခြင်း။ |
| ၁၀။ | ရုရှားသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | စားသောက်ဆိုင်၊ သံရုံး၊ ဝန်ထမ်းနေအိမ်များ၊ ငှားရမ်းခြင်း၊ ပြင်ဆင်ခြင်း၊ ဆက်သွယ်ရေး ဝန်ဆောင်မှုများ။ |
| ၁၁။ | ဆော်ဒီအာရေဗျသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | - |
| ၁၂။ | နော်ဝေသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | သံရုံး၊ သံအမတ်ကြီးအိမ် လုံခြုံရေးနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများ၊ သန့်ရှင်းရေး ဝန်ဆောင်မှု၊ အဆောက်အဦ ငှားရမ်းခြင်းအတွက် အိမ်ခြံမြေ အကျိုးဆောင်ခများ၊ ယာဉ်ရပ်နား နေရာငှားရမ်းခ၊ ဝန်ထမ်းနေအိမ်၊ သံရုံး ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှု။ |
| ၁၃။ | အိန္ဒိယသံရုံး၊ ရန်ကုန်မြို့။ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး၊ မန္တလေးမြို့။ အိန္ဒိယကောင်စစ်ဝန်ရုံး၊ စစ်တွေမြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | ဝန်ဆောင်မှုအားလုံး။ |
| ၁၄။ | ပါကစ္စတန်သံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | ဟိုတယ်ဝန်ဆောင်မှု၊ စားသောက်ဆိုင်၊ ပစ္စည်းငှားရမ်းခြင်း၊ အဆောက်အဦ ပြင်ဆင်ခြင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှု။ |
| ၁၅။ | ကနေဒါသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | ဟိုတယ်ဝန်ဆောင်မှု၊ စားသောက်ဆိုင်၊ ပစ္စည်းငှားရမ်းခြင်း၊ အဆောက်အဦ ပြင်ဆင်ခြင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှု။ |

| စဉ် | မြန်မာနိုင်ငံအခြေစိုက် သံရုံးများ | ကုန်စည်အမျိုးအစားများ | ဝန်ဆောင်မှုများ |
|---|---|---|---|
| ၁၆။ | ဗြိတိန်သံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | သံရုံး၊ ဝန်ထမ်းများ၏ နေအိမ်များအတွက် တီဗွီလိုင်စင်ခွန် ဝန်ဆောင်မှုများ။ |
| ၁၇။ | ဂျာမနီသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | တယ်လီဖုန်း၊ အင်တာနက် ဝန်ဆောင်မှုများ။ |
| ၁၈။ | နီပေါသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | ဟိုတယ်ဝန်ဆောင်မှု၊ စားသောက်ဆိုင်၊ ခန်းမ၊ အခမ်းအနားသုံး ပစ္စည်းများ ငှားရမ်းခြင်း၊ အဆောက်အဦပြင်ဆင်ထိန်းသိမ်းခြင်း၊ ဆက်သွယ်ရေး ဝန်ဆောင်မှု။ |
| ၁၉။ | သြစတြေးလျသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | သံရုံးအဆောက်အဦနှင့် သံရုံးအကြီးအကဲ နေအိမ်အသစ် ဆောက်လုပ်ပြင်ဆင်ခြင်း ဝန်ဆောင်မှု။ |
| ၂၀။ | တရုတ်သံရုံး၊ ရန်ကုန်မြို့။ တရုတ်ကောင်စစ်ဝန်ချုပ်ရုံး၊ မန္တလေးမြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | မော်တော်ယာဉ် ပြင်ဆင်ခြင်း၊ တယ်လီဖုန်း၊ အင်တာနက်၊ ရုံးခန်းနှင့် နေအိမ်ငှားရမ်းခြင်း။ |
| ၂၁။ | သီရိလင်္ကာသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | ဆေးရုံတွင် ကုသခြင်းနှင့် စားသောက်ဆိုင်။ |
| ၂၂။ | ဆွစ်ဇာလန်သံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | ဟိုတယ်ဝန်ဆောင်မှု၊ စားသောက်ဆိုင်၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ဖုန်း၊ ဆက်သွယ်ရေး ဝန်ဆောင်မှု။ |
| ၂၃။ | အီတလီသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | အိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုများ။ |
| ၂၄။ | အစ္စရေးသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | သံရုံးဧည့်ခံပွဲ၊ သံရုံးတည်ဆောက်ခြင်းနှင့် အခြားဝန်ဆောင်မှုများ။ |
| ၂၅။ | တောင်ကိုရီးယားသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | ဟိုတယ်ဝန်ဆောင်မှု၊ စားသောက်ဆိုင်၊ နေအိမ်၊ ဆက်သွယ်ရေးဝန်ဆောင်မှု (ရုံးသုံး)။ |
| ၂၆။ | ဂျပန်သံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | သင်္ဘောဝန်ဆောင်ခ၊ သံရုံးအဆောက်အဦ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ငှားရမ်းခြင်း၊ ဆက်သွယ်ရေး ဝန်ဆောင်မှု။ |

| စဉ် | မြန်မာနိုင်ငံအခြေစိုက် သံရုံးများ | ကုန်စည်အမျိုးအစားများ | ဝန်ဆောင်မှုများ |
|---|---|---|---|
| ၂၇။ | အမေရိကန်သံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | လေကြောင်းလိုင်း (Airline)၊ ဟိုတယ်ဝန်ဆောင်မှု၊ စားသောက်ဆိုင်၊ တည်းခိုခန်းခ၊ ကားငှားရမ်းခြင်း၊ လုံခြုံရေးဝန်ဆောင်မှု၊ လေယာဉ်လက်မှတ်၊ အိမ်ရာ၊ ဆက်သွယ်ရေးဝန်ဆောင်မှု။ |
| ၂၈။ | ဆားဘီးယားသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | စားသောက်ဆိုင်၊ ဟိုတယ်ဝန်ဆောင်မှု၊ အဆောက်အဦ၊ ပစ္စည်းငှားရမ်းခြင်း၊ စက်ပစ္စည်း၊ ယာဉ် ယန္တရားများ ငှားရမ်းခြင်း၊ အဆောက်အဦ၊ ဥယျာဉ်၊ ပရိဘောဂများ၊ ယာဉ်များ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ အမှိုက်နှင့် သန့်ရှင်းရေးဝန်ဆောင်မှု၊ လူနှင့် ပစ္စည်း သယ်ယူပို့ဆောင်ရေးနှင့် ပုံနှိပ်ခြင်းဆိုင်ရာ ဝန်ဆောင်မှု၊ နည်းပညာပိုင်းနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ယူစောင့်ရှောက်ခြင်းဝန်ဆောင်မှု၊ ဆက်သွယ်ရေး ဝန်ဆောင်မှု။ |
| ၂၉။ | ကမ္ဘောဒီးယားသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | - |
| ၃၀။ | မလေးရှားသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | - |
| ၃၁။ | အီဂျစ်သံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | - |
| ၃၂။ | ကူဝိတ်သံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | - |
| ၃၃။ | ဘရာဇီးသံရုံး၊ ရန်ကုန်မြို့။ | ကုန်စည်အားလုံး (စားသောက်ကုန်စည်၊ စိုက်ပျိုး၊ မွေးမြူရေးကုန်စည်၊ ရုံးသုံးကုန်စည်၊ ကျန်းမာရေးဆိုင်ရာကုန်စည်၊ လျှပ်စစ်ဓာတ်အားသုံးစွဲခ၊ စက်သုံးဆီ၊ ဓာတ်ငွေ့ စသည်ဖြင့်)။ | - |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၆၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

### မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ - ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈ အေ)၊ မြေကွက်အမှတ် (၄၇ ခ/၁)၊ ဧရိယာ (၀. ၀၇၆) ဧကရှိ အစိုးရမြေနေရာကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အသုံးပြုရန်မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကိုအသုံးပြုရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | စမ်းချောင်းမြို့နယ် | (၂၈ အေ) | (၄၇ ခ/၁) | ၀ | ၀၇၆ | |
| **စုစုပေါင်း** | | | | **၀** | **၀၇၆** | |

၃။ နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - မြေကွက်အမှတ် (၄၇) (ဝေဠုဝန်အိမ်ရာ)

အနောက်လားသော် - မြေကွက်အမှတ် (၄၇ ခ/၁)

တောင်လားသော် - မြေကွက်အမှတ် (၄၇ ခ/၁)၊ မြေကွက်အမှတ် (၄၇) (ဝေဠုဝန်အိမ်ရာ)

မြောက်လားသော် - ဟံသာဝတီလမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၃၄/၂၀၁၈) အရ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈ အေ)၊ မြေကွက်အမှတ် (၄၇ ခ/၁)၊ ဧရိယာ (၀. ၀၇၆) ဧကရှိ အစိုးရမြေကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၆၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ - ၂၇ (၁) (ခ - ၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၁-ရုံးကွက်) ၊ မြေကွက်အမှတ် (၁၁+၁၂) (၀. ၉၅၂) ဧက နှင့် မြေကွက်အမှတ် (၁၃/၃+၁၄/၂) (၀. ၈၉၇) ဧက၊ စုစုပေါင်းမြေဧရိယာ (၁. ၈၄၉) ဧကရှိ အစိုးရမြေကို ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးအဆောက်အဦ၊ ဝန်ထမ်းအိမ်ရာနှင့် ယာဉ်ယန္တရားများ ထားရှိရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အောက်ပါ စည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်၊

(ဂ) မြေကို အသုံးပြုရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၉၁-ရုံးကွက် | ၁၁+၁၂၊<br>၁၃/၃+၁၄/၂ | ၀<br>၀ | ၉၅၂<br>၈၉၇ | |
| **စုစုပေါင်း** | | | | **၁** | **၈၄၉** | |

၃။ အဆိုပါ မြေနေရာများ၏ နယ်နိမိတ်အလားအလာဖော်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

### (က) မြေကွက်အမှတ် (၁၁+၁၂) အတွက် နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - မြေကွက်အမှတ် (၁၀)
အနောက်လားသော် - လမ်း
တောင်လားသော် - လမ်း
မြောက်လားသော် - မြေကွက်အမှတ် (၇) နှင့် (၈)

### (ခ) မြေကွက်အမှတ် (၁၃/၃+၁၄/၂) အတွက် နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - လမ်း
အနောက်လားသော် - မြေကွက်အမှတ် (၁၃/၁)
တောင်လားသော် - မြေကွက်အမှတ် (၁၃/၂) နှင့် (၁၄/၁)
မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၈) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၁-ရုံးကွက်)၊ မြေကွက်အမှတ် (၁၁+၁၂) (၀. ၉၅၂) ဧက နှင့် မြေကွက်အမှတ် (၁၃/၃+၁၄/၂) (၀. ၈၉၇) ဧက၊ စုစုပေါင်းမြေဧရိယာ (၁. ၈၄၉) ဧကရှိ အစိုးရမြေများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) ၏ သဘောတူညီချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်စန္ဒာ အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးဘဆွေ အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် နံနက်ပိုင်းမှစ၍ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့နှင့်အညီ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက် နံနက်ပိုင်းမှစ၍ ညွှန်ကြားရေးမှူး၊ ဦးဘဆွေ အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

နိုင်သက်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

**ပြည်ထောင်စုရှေ့နေချုပ်ရုံး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါက်တာသီသီမြင့်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ရုံးအဖွဲ့ | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါက်တာစုစုလှိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (ဂ) | ဒေါ်မိမိဝေ<br>ညွှန်ကြားရေးမှူး<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးညွန့်ဝင်း<br>ညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါ်သူသူဖေ<br>ညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်ဝါဝါ<br>ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ဆွေဆွေဦး<br>ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ယုယုခင်<br>ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးခင်မောင်လွင်<br>ညွှန်ကြားရေးမှူး<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်အေးအေးလွင်<br>ညွှန်ကြားရေးမှူး<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးသန့်ဇင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၄) | ဒေါ်ခင်ဆွေထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာကေသီအေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးရန်အောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးပေါ်ကြွယ်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးညီညီစိုး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စီမံရေးရာဦးစီးဌာန | အတွင်းရေးမှူး |

၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဂတိလိုက်စားနိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်လေ့လာခြင်း၊

(ခ) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် အသိပညာပေးရေးဆောင်ရွက်ခြင်း၊

(ဂ) တိုင်ကြားစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အစီအစဉ် ချမှတ်ခြင်း၊

(ဃ) အဂတိလိုက်စားမှုပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်ခြင်း၊

(င) လိုအပ်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းခြင်း၊

(စ) အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်တားဆီးရေးဆောင်ရွက်ခြင်း၊

(ဆ) အဂတိလိုက်စားမှုပြုရန် အခွင့်သာစေသည့် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(ဇ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်၏ အခါအားလျော်စွာ ညွှန်ကြားချက်များကို ဆောင်ရွက်ခြင်း၊

(ဈ) အဖွဲ့၏ဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်သမ္မတရုံးသို့ လိပ်မူပေးပို့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့ခြင်း။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ
## (၂၀၁၈ ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅။)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

### နိဒါန်း

ပဲခူးတိုင်းဒေသကြီး၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အလို့ငှာ တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူအားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ စီမံကိန်းများ၌ ဒေသန္တရဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုင်းနှစ်စီမံကိန်းများနှင့် အဆိုပါ စီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ် စီမံကိန်းများ ပါဝင်သည်။ တိုင်းဒေသကြီးစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သောလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုး တိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ တိုင်းဒေသကြီးအတွင်း မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်**ဆိုသည်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိကာလ ဖြစ်ပါသည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သစ်အရ ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် မတ်လအထိ အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ အတွင်း အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်ပါသည်။

(င) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်လာသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ**ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇. ၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၃.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၀.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၆.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၅.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၂.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၆.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၈.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၈ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၀.၈ ရာခိုင်နှုန်းမှ ၂၉.၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၉.၃ ရာခိုင်နှုန်းမှ ၃၀.၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉.၉ ရာခိုင်နှုန်းမှ ၄၀.၀ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(ဃ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁၅၅၉၇၂၅ မှ ကျပ် ၁၇၄၀၉၂၅ သို့ ဖြစ်ပေါ်လာရန်၊

(င) ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် (၉၅၈၂၇.၅၄၀) သန်းဖြင့် ရင်းနှီးမြှုပ်နှံရန်။

## အခန်း (၃)

## အထွေထွေ

၅။ တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော် ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်လိုအပ်သော လုပ်ငန်းအစီအစဉ် များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ ပြည်သူများ၏ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည်။

၈။ တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် ပြည်သူများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသောအင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှုသာလျှင် ဆောင်ရွက်ရမည်။

၁၀။ တိုင်းဒေသကြီးစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တိုင်းဒေသကြီးအတွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသောစီမံကိန်းများ ပါဝင်ရမည်။

၁၁။ တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် တိုင်းဒေသကြီးစီမံကိန်းတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ် စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်တိုင်းဒေသကြီးစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်တိုင်းဒေသကြီးစီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ အတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်း များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက် ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဝင်းသိန်း
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

**ပူးတွဲ - ၁**

## ပဲခူးတိုင်းဒေသကြီး၏
## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | **လယ်ယာကဏ္ဍကြီး** | **၂,၁၃၆,၅၆၅. ၁** | **၃၁. ၃** | **၂. ၄** | **၂,၂၁၈,၂၆၀. ၆** | **၃၀. ၂** | **၃. ၈** |
| ၁ | လယ်ယာ | ၁,၃၈၆,၇၁၈. ၇ | ၂၀. ၃ | ၃. ၁ | ၁,၄၄၀,၄၅၅. ၁ | ၁၉. ၆ | ၃. ၉ |
| ၂ | သားငါး | ၇၄၅,၀၉၀. ၇ | ၁၀. ၉ | ၁. ၂ | ၇၇၂,၈၅၇. ၆ | ၁၀. ၅ | ၃. ၇ |
| ၃ | သစ်တော | ၄,၇၅၅. ၇ | ၀. ၁ | -၁၇. ၇ | ၄,၉၄၇. ၉ | ၀. ၁ | ၄. ၀ |
| **၂** | **စက်မှုကဏ္ဍကြီး** | **၁,၉၃၃,၁၀၈. ၇** | **၂၈. ၃** | **၈. ၄** | **၂,၁၄၉,၁၇၀. ၀** | **၂၉. ၁** | **၁၁. ၂** |
| ၁ | စွမ်းအင် | ၉၀၀. ၂ | ၀. ၀၁၃ | -၁၀. ၈ | ၉၀၅. ၅ | ၀. ၀၁၂ | ၀. ၆ |
| ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၃,၀၇၉. ၀ | ၀. ၂ | ၁၃. ၆ | ၁၃,၈၈၈. ၉ | ၀. ၂ | ၆. ၂ |
| ၃ | စက်မှုလက်မှု | ၁,၄၄၇,၇၉၆. ၇ | ၂၁. ၂ | ၈. ၃ | ၁,၆၀၉,၄၉၀. ၆ | ၂၁. ၈ | ၁၁. ၂ |
| ၄ | လျှပ်စစ်ဓာတ်အား | ၆၂,၀၆၈. ၉ | ၀. ၉ | ၁၂. ၅ | ၆၅,၂၉၄. ၆ | ၀. ၉ | ၅. ၂ |
| ၅ | ဆောက်လုပ်မှု | ၄၀၉,၄၆၃. ၉ | ၆. ၀ | ၇. ၉ | ၄၅၉,၅၉၀. ၄ | ၆. ၂ | ၁၂. ၂ |
| **၃** | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂,၇၆၀,၄၃၂. ၁** | **၄၀. ၄** | **၇. ၇** | **၂,၉၉၅,၃၇၆. ၄** | **၄၀. ၇** | **၈. ၅** |
| ၁ | ပို့ဆောင်ရေး | ၉၅၁,၈၀၀. ၆ | ၁၄. ၀ | ၈. ၁ | ၁,၀၃၇,၆၄၆. ၁ | ၁၄. ၁ | ၉. ၀ |
| ၂ | ဆက်သွယ်ရေး | ၁၆၉,၅၈၅. ၉ | ၂. ၅ | ၉. ၂ | ၁၈၁,၂၈၅. ၈ | ၂. ၅ | ၆. ၉ |
| ၃ | ငွေရေးကြေးရေး | ၁၅,၄၇၁. ၂ | ၀. ၂ | ၁၃. ၀ | ၁၈,၁၃၄. ၁ | ၀. ၂ | ၁၇. ၂ |
| ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၇၈,၅၆၁. ၅ | ၂. ၆ | ၃. ၁ | ၁၉၄,၀၅၅. ၆ | ၂. ၆ | ၈. ၇ |
| ၅ | အခြားဝန်ဆောင်မှု | ၁၉၁,၃၈၅. ၃ | ၂. ၈ | ၇. ၁ | ၂၁၃,၃၃၉. ၅ | ၂. ၉ | ၁၁. ၅ |
| ၆ | ကုန်သွယ်မှုတန်ဖိုး | ၁,၂၅၃,၆၂၇. ၆ | ၁၈. ၃ | ၇. ၈ | ၁,၃၅၀,၉၁၅. ၃ | ၁၈. ၄ | ၇. ၈ |
| **၄** | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၆,၈၃၀,၁၀၅. ၉** | **၁၀၀. ၀** | **၆. ၁** | **၇,၃၆၂,၈၀၇. ၀** | **၁၀၀. ၀** | **၇. ၈** |

**ပူးတွဲ - ၂**

## ပဲခူးတိုင်းဒေသကြီး၏
## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | **ထုတ်လုပ်မှုတန်ဖိုး** | **၄,၀၆၉,၈၇၃. ၈** | **၅၉. ၆** | **၅. ၁** | **၄,၃၆၇,၄၃၀. ၆** | **၅၉. ၃** | **၇. ၃** |
| ၁ | လယ်ယာ | ၁,၃၈၆,၇၁၈. ၇ | ၂၀. ၃ | ၃. ၁ | ၁,၄၄၀,၄၅၅. ၁ | ၁၉. ၆ | ၃. ၉ |
| ၂ | သားငါး | ၇၄၅,၀၉၀. ၇ | ၁၀. ၉ | ၁. ၂ | ၇၇၂,၈၅၇. ၆ | ၁၀. ၅ | ၃. ၇ |
| ၃ | သစ်တော | ၄,၇၅၅. ၇ | ၀. ၁ | -၁၇. ၇ | ၄,၉၄၇. ၉ | ၀. ၁ | ၄. ၀ |
| ၄ | စွမ်းအင် | ၉၀၀. ၂ | ၀. ၀၁၃ | -၁၀. ၈ | ၉၀၅. ၅ | ၀. ၀၁၂ | ၀. ၆ |
| ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၃,၀၇၉. ၀ | ၀. ၂ | ၁၃. ၆ | ၁၃,၈၈၈. ၉ | ၀. ၂ | ၆. ၂ |
| ၆ | စက်မှုလက်မှု | ၁,၄၄၇,၇၉၆. ၇ | ၂၁. ၂ | ၈. ၃ | ၁,၆၀၉,၄၉၀. ၆ | ၂၁. ၈ | ၁၁. ၂ |
| ၇ | လျှပ်စစ်ဓာတ်အား | ၆၂,၀၆၈. ၉ | ၀. ၉ | ၁၂. ၅ | ၆၅,၂၉၄. ၆ | ၀. ၉ | ၅. ၂ |
| ၈ | ဆောက်လုပ်မှု | ၄၀၉,၄၆၃. ၉ | ၆. ၀ | ၇. ၉ | ၄၅၉,၅၉၀. ၄ | ၆. ၂ | ၁၂. ၂ |
| **၂** | **ဝန်ဆောင်မှုတန်ဖိုး** | **၁,၅၀၆,၈၀၄. ၅** | **၂၂. ၁** | **၇. ၅** | **၁,၆၄၄,၄၆၁. ၁** | **၂၂. ၃** | **၉. ၁** |
| ၁ | ပို့ဆောင်ရေး | ၉၅၁,၈၀၀. ၆ | ၁၄. ၀ | ၈. ၁ | ၁,၀၃၇,၆၄၆. ၁ | ၁၄. ၁ | ၉. ၀ |
| ၂ | ဆက်သွယ်ရေး | ၁၆၉,၅၈၅. ၉ | ၂. ၅ | ၉. ၂ | ၁၈၁,၂၈၅. ၈ | ၂. ၅ | ၆. ၉ |
| ၃ | ငွေရေးကြေးရေး | ၁၅,၄၇၁. ၂ | ၀. ၂ | ၁၃. ၀ | ၁၈,၁၃၄. ၁ | ၀. ၂ | ၁၇. ၂ |
| ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၇၈,၅၆၁. ၅ | ၂. ၆ | ၃. ၁ | ၁၉၄,၀၅၅. ၆ | ၂. ၆ | ၈. ၇ |
| ၅ | အခြားဝန်ဆောင်မှု | ၁၉၁,၃၈၅. ၃ | ၂. ၈ | ၇. ၁ | ၂၁၃,၃၃၉. ၅ | ၂. ၉ | ၁၁. ၅ |
| **၃** | **ကုန်သွယ်မှုတန်ဖိုး** | **၁,၂၅၃,၆၂၇. ၆** | **၁၈. ၃** | **၇. ၈** | **၁,၃၅၀,၉၁၅. ၃** | **၁၈. ၄** | **၇. ၈** |
| **၄** | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၆,၈၃၀,၃၀၅. ၉** | **၁၀၀. ၀** | **၆. ၁** | **၇,၃၆၂,၈၀၇. ၀** | **၁၀၀. ၀** | **၇. ၈** |

ပူးတွဲ - ၃

**ပဲခူးတိုင်းဒေသကြီး၏**
**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂,၃၅၉,၂၅၂. ၆** | **၃၀. ၈** | **၂,၅၂၈,၃၀၀. ၄** | **၂၉. ၅** | **၇. ၂** |
| | ၁ | လယ်ယာ | ၁,၅၂၁,၈၈၉. ၆ | ၁၉. ၉ | ၁,၆၀၃,၅၅၇. ၇ | ၁၈. ၇ | ၅. ၄ |
| | ၂ | သားငါး | ၈၃၂,၀၇၈. ၆ | ၁၀. ၈ | ၉၁၇,၉၁၉. ၅ | ၁၀. ၇ | ၁၀. ၃ |
| | ၃ | သစ်တော | ၅,၂၈၄. ၄ | ၀. ၁ | ၆,၈၂၃. ၂ | ၀. ၁ | ၂၉. ၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၂,၂၄၄,၉၈၉. ၈** | **၂၉. ၃** | **၂,၆၁၁,၇၅၆. ၅** | **၃၀. ၅** | **၁၆. ၃** |
| | ၁ | စွမ်းအင် | ၉၀၀. ၂ | ၀. ၀၁ | ၉၀၅. ၅ | ၀. ၀၁ | ၀. ၆ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၃,၄၃၀. ၅ | ၀. ၂ | ၁၄,၃၉၅. ၇ | ၀. ၂ | ၇. ၂ |
| | ၃ | စက်မှုလက်မှု | ၁,၇၀၉,၁၄၇. ၅ | ၂၂. ၃ | ၁,၉၈၀,၈၅၁. ၈ | ၂၃. ၁ | ၁၅. ၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၃,၃၇၁. ၇ | ၀. ၈ | ၆၅,၆၇၆. ၀ | ၀. ၈ | ၃. ၆ |
| | ၅ | ဆောက်လုပ်မှု | ၄၅၈,၁၃၉. ၉ | ၆. ၀ | ၅၄၉,၉၂၇. ၅ | ၆. ၄ | ၂၀. ၀ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃,၀၅၈,၆၈၅. ၆** | **၃၉. ၉** | **၃,၄၃၂,၂၅၉. ၄** | **၄၀. ၀** | **၁၂. ၂** |
| | ၁ | ပို့ဆောင်ရေး | ၉၇၃,၅၇၅. ၂ | ၁၂. ၇ | ၁,၀၆၅,၄၉၀. ၆ | ၁၂. ၄ | ၉. ၄ |
| | ၂ | ဆက်သွယ်ရေး | ၁၅၈,၆၁၂. ၉ | ၂. ၁ | ၁၈၁,၂၈၅. ၈ | ၂. ၁ | ၁၄. ၃ |
| | ၃ | ငွေရေးကြေးရေး | ၁၅,၄၇၁. ၂ | ၀. ၂ | ၁၈,၁၃၄. ၁ | ၀. ၂ | ၁၇. ၂ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၉၄,၀၈၈. ၆ | ၂. ၅ | ၂၁၇,၅၃၅. ၂ | ၂. ၆ | ၁၂. ၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၂၈,၁၁၇. ၄ | ၃. ၀ | ၂၆၅,၂၄၆. ၁ | ၃. ၁ | ၁၆. ၃ |
| | ၆ | ကုန်သွယ်မှု | ၁,၄၈၈,၈၂၀. ၃ | ၁၉. ၄ | ၁,၆၈၄,၅၇၇. ၆ | ၁၉. ၆ | ၁၃. ၁ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၇,၆၆၂,၉၂၈. ၀** | **၁၀၀. ၀** | **၈,၅၇၂,၃၁၆. ၃** | **၁၀၀. ၀** | **၁၁. ၉** |

**ပူးတွဲ - ၄**

## ပဲခူးတိုင်းဒေသကြီး၏
## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၄,၆၀၄,၂၄၂. ၄** | **၆၀. ၁** | **၅,၁၄၀,၀၅၆. ၉** | **၆၀. ၀** | **၁၁. ၆** |
| | ၁ | လယ်ယာ | ၁,၅၂၁,၈၈၉. ၆ | ၁၉. ၉ | ၁,၆၀၃,၅၅၇. ၇ | ၁၈. ၇ | ၅. ၄ |
| | ၂ | သားငါး | ၈၃၂,၀၇၈. ၆ | ၁၀. ၈ | ၉၁၇,၉၁၉. ၅ | ၁၀. ၇ | ၁၀. ၃ |
| | ၃ | သစ်တော | ၅,၂၈၄. ၄ | ၀. ၁ | ၆,၈၂၃. ၂ | ၀. ၁ | ၂၉. ၁ |
| | ၄ | စွမ်းအင် | ၉၀၀. ၂ | ၀. ၀၁ | ၉၀၅. ၅ | ၀. ၀၁ | ၀. ၆ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၃,၄၃၀. ၅ | ၀. ၂ | ၁၄,၃၉၅. ၇ | ၀. ၂ | ၇. ၂ |
| | ၆ | စက်မှုလက်မှု | ၁,၇၀၉,၁၄၇. ၅ | ၂၂. ၃ | ၁,၉၈၀,၈၅၁. ၈ | ၂၃. ၁ | ၁၅. ၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၃,၃၇၁. ၇ | ၀. ၈ | ၆၅,၆၇၆. ၀ | ၀. ၈ | ၃. ၆ |
| | ၈ | ဆောက်လုပ်မှု | ၄၅၈,၁၃၉. ၉ | ၆. ၀ | ၅၄၉,၉၂၇. ၅ | ၆. ၄ | ၂၀. ၀ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁,၅၆၉,၈၆၅. ၃** | **၂၀. ၅** | **၁,၇၄၇,၆၈၁. ၈** | **၂၀. ၄** | **၁၁. ၃** |
| | ၁ | ပို့ဆောင်ရေး | ၉၇၃,၅၇၅. ၂ | ၁၂. ၇ | ၁,၀၆၅,၄၉၀. ၆ | ၁၂. ၄ | ၉. ၄ |
| | ၂ | ဆက်သွယ်ရေး | ၁၅၈,၆၁၂. ၉ | ၂. ၁ | ၁၈၁,၂၈၅. ၈ | ၂. ၁ | ၁၄. ၃ |
| | ၃ | ငွေရေးကြေးရေး | ၁၅,၄၇၁. ၂ | ၀. ၂ | ၁၈,၁၃၄. ၁ | ၀. ၂ | ၁၇. ၂ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၉၄,၀၈၈. ၆ | ၂. ၅ | ၂၁၇,၅၃၅. ၂ | ၂. ၆ | ၁၂. ၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၂၈,၁၁၇. ၄ | ၃. ၀ | ၂၆၅,၂၃၆. ၁ | ၃. ၁ | ၁၆. ၃ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁,၄၈၈,၈၂၀. ၃** | **၁၉. ၄** | **၁,၆၈၄,၅၇၇. ၆** | **၁၉. ၆** | **၁၃. ၁** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၇,၆၆၂,၉၂၈. ၀** | **၁၀၀. ၀** | **၈,၅၇၂,၃၁၆. ၃** | **၁၀၀. ၀** | **၁၁. ၉** |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် ( ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၄၅/ ၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/ ၂၀၁၉) ၏ သဘောတူညီချက်အရ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဆန်းမင်းသူ အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ် ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

### စစ်ရာထူးခန့်ချုပ်ရုံး

### (လေတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်)

အမှတ် ၂/ ၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

လှဆောင်း လေ ၄၃၄၆

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၃၂/ ၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်)

ကရင်ပြည်နယ်၊ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးသစ်လွင် (ပ/၃၁၇၁) အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့အထိခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မြင့်သန်း၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## မြန်မာ့အာမခံလုပ်ငန်း

## ရုံးအမိန့်စာအမှတ် (၀၈၈/ ၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်)

၁။ မြန်မာ့အာမခံလုပ်ငန်းမှ အောက်ဖော်ပြပါ ကြီးကြပ်ရေးမှူးများအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၁၉၃/ရအဖ-၂/၇၀/၂၀၁၉/တမ-၁ နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၂၁၄၅/၂၀၁၉ ) တို့အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ထောက်မန်နေဂျာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ဌာန |
|---|---|---|---|
| ၁ | ဒေါ်မိုးမိုးအောင်သိန်း | တီ-၂၈၆ | စီမံရေးရာ |
| ၂ | ဒေါ်သီတာအေး | အေ-၁၃၃ | ရှမ်း |
| ၃ | ဒေါ်အိအိစိုး | အက်စ်-၁၈၅ | သူတစ်ပါးထိခိုက်မှုအာမခံ |
| ၄ | ဒေါ်စုစုလှိုင် | အိပ်ချ်-၁၆၂ | စီမံရေးရာ |
| ၅ | ဒေါ်စန်းစန်းလွင် | အယ်လ်-၉၈ | သာယာဝတီ |
| ၆ | ဒေါ်ခင်အေးဆင့် | အက်စ်-၁၄၂ | ရုံးတွင်းစာရင်းစစ် |
| ၇ | ဦးမြင့်ထွေး | အိပ်ချ်-၁၁၈ | သရက် |

၂။ ရာထူးတိုးမြှင့်ခြင်းခံရသော အရာထမ်းများသည် လုပ်ငန်းလိုအပ်ချက်အရ မည်သည့်ဌာန၊ ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်ရုံးတွင်မဆို တာဝန်ချထားလျှင် တာဝန်ထမ်းဆောင်ရမည်။ အကြောင်းတစ်စုံတစ်ရာဖြင့် တာဝန်ထမ်းဆောင်ရန် ငြင်းဆိုသည့် ဝန်ထမ်းအား ရာထူးတိုးမြှင့်ခြင်းကို ပယ်ဖျက်ပြီး တစ်ဆင့်နိမ့်ရာထူးတွင် ပြန်လည်ခန့်ထားပေးမည်ဖြစ်ပါသည်။

၃။ အဆိုပါ လက်ထောက်မန်နေဂျာများအား နောက်ထပ်အမိန့်တစ်စုံတစ်ရာမထုတ်ပြန်မီ လက်ရှိဌာန၌ပင် ဆက်လက်တာဝန်ချထားလိုက်သည်။

ဒေါက်တာစန္ဒာဦး၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့အာမခံလုပ်ငန်း။

**[ ယခင်အပတ် ပြည်တွင်းအခွန်များဦးစီးဌာန၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်အမှတ် ၂/၂၀၁၉၊ အငှားချထားသူက ငှားရမ်းခြင်းအတွက် ရရှိသည့် ပရီမီယံ (Lease Premium) အပေါ်တွင် ဝင်ငွေခွန် ကျသင့်ခြင်းနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းမှ အဆက် ]**

## နမူနာဖြစ်စဉ် (၂)

'တ' ကုမ္ပဏီသည် 'ထ' ကုမ္ပဏီပိုင်ဆိုင်သော အဆောက်အအုံကို ငှားရမ်းခြင်း သဘောတူညီမှုဖြင့် ငှားယူခဲ့ပါသည်။ အဆိုပါ ငှားရမ်းခြင်းသဘောတူစာချုပ်အရ -

(က) 'တ' ကုမ္ပဏီသည် 'ထ' ကုမ္ပဏီထံသို့ ငှားရမ်းခ တစ်လလျှင် ကျပ် ၂,၀၀၀,၀၀၀ ပေးရပါမည်။

(ခ) 'တ' ကုမ္ပဏီသည် 'ထ' ကုမ္ပဏီထံသို့ အငှားစာချုပ် ချုပ်ဆိုသည့်အပေါ်တွင် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) အဖြစ် ကျပ် ၂၄,၀၀၀,၀၀၀ ပေးရပါသည်။

'တ' ကုမ္ပဏီသည် 'ထ' ကုမ္ပဏီထံမှ ငှားရမ်းထားသောအဆောက်အအုံကို 'ဒ' ကုမ္ပဏီသို့ ထပ်ဆင့်ငှားရမ်းခြင်း သဘောတူညီမှုဖြင့် ငှားရမ်းခဲ့ပါသည်။ အဆိုပါ ထပ်ဆင့်ငှားရမ်းခြင်းသဘောတူစာချုပ်အရ -

(က) 'ဒ' ကုမ္ပဏီသည် 'တ' ကုမ္ပဏီထံသို့ ငှားရမ်းခ တစ်လလျှင် ကျပ် ၂,၅၀၀,၀၀၀ ပေးရပါမည်။

(ခ) 'ဒ' ကုမ္ပဏီသည် 'တ' ကုမ္ပဏီထံသို့ အငှားစာချုပ် ချုပ်ဆိုသည့်အပေါ်တွင် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) အဖြစ် ကျပ် ၃၅,၀၀၀,၀၀၀ ပေးရပါသည်။

### ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းဆိုင်ရာ သတ်မှတ်ချက်ကို ကျင့်သုံးခြင်း

'တ' ကုမ္ပဏီက ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) အဖြစ် ရရှိသည့် ကျပ် ၃၅,၀၀၀,၀၀၀ သည် အငှားချထားသောအဆောက်အအုံနှင့်သက်ဆိုင်သည့် ထိတွေ့၍မရသောပစ္စည်းကို လွှဲပြောင်းပေးသည့်အတွက် ရရှိသည့်ငွေဖြစ်ပါသည်။ 'တ' ကုမ္ပဏီအနေဖြင့် ယင်းသို့ရရှိသည့် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) အပေါ်တွင် ကုန်ကျစရိတ်များကို နုတ်ပယ်ခွင့်မရှိသော်လည်း မူလငှားယူစဉ်က 'ထ' ကုမ္ပဏီသို့ ပေးချေခဲ့ရသည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀ ကို နုတ်ပယ်ခွင့်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုထိတွေ့၍မရသောပစ္စည်းကို အငှားပိုင်ဆိုင်သူသို့ လွှဲပြောင်းပေးရာတွင် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ရရှိရန် ကုန်ကျစရိတ်မရှိသောကြောင့် ကုန်ကျစရိတ်ကို နုတ်ပယ်ခွင့်မရှိသော်လည်း ထိုသို့လွှဲပြောင်းပေးခြင်းသည် အငှားချထားသူ၏ ထိတွေ့၍မရသောပစ္စည်းကို ငှားရမ်းခြင်းသဘောတူညီမှုအရ အငှားပိုင်ဆိုင်သူသို့ လွှဲပြောင်းပေးခြင်းဖြစ်သောကြောင့် မူလငှားယူစဉ်က 'ထ' ကုမ္ပဏီထံ ပေးချေခဲ့ရသည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀ ကို ထပ်ဆင့်အငှားချထားခြင်းအတွက် 'ဒ' ကုမ္ပဏီထံမှ ရရှိသည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကျပ် ၃၅,၀၀၀,၀၀၀ မှ နုတ်ပယ်ခွင့်ရှိခြင်းဖြစ်ပါသည်။

'တ' ကုမ္ပဏီသည် ၎င်းရရှိသည့် ထိတွေ့၍မရသောပစ္စည်းထပ်ဆင့်လွှဲပြောင်းခြင်းမှ ရရှိသည့်ငွေသည် ကျပ်သိန်း ၁၀၀ ထက် ပိုမိုသောကြောင့် အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ်တွင် ဝင်ငွေခွန်ပေးဆောင်ရမည် ဖြစ်ပါသည်။

ငှားရမ်းခြင်းသဘောတူညီမှုအရ ယင်းသို့ထပ်ဆင့်လွှဲပြောင်းပေးခြင်းမှရရှိသည့် ငှားရမ်းခြင်းအတွက် ပရီမီယံ (Lease Premium) ကျပ် ၃၅,၀၀၀,၀၀၀ မှ မူလတန်ဖိုးဖြစ်သည့် ငှားရမ်းခြင်းအတွက်ပရီမီယံ (Lease Premium) ကျပ် ၂၄,၀၀၀,၀၀၀ ကို နုတ်ပယ်၍ ကျန်ငွေ ကျပ် ၁၁,၀၀၀,၀၀၀ (စုစုပေါင်းမြတ်စွန်းငွေ ကျပ် ၁၁,၀၀၀,၀၀၀) ၏ ၁၀ ရာခိုင်နှုန်းဖြစ်သော ဝင်ငွေခွန်ကို 'တ' ကုမ္ပဏီသည် ထိုငွေလက်ခံရရှိသည့် နှစ်အတွက် ပေးဆောင်ရမည်ဖြစ်ပါသည်။

'တ' ကုမ္ပဏီသည် 'ဒ' ကုမ္ပဏီထံမှ သတ်မှတ်ထားသော လစဉ်ငှားရမ်းခ (ငှားရမ်းခကို ကြိုတင်ပေးချေရပါက ကြိုတင်ငှားရမ်းခပေးချေငွေအပါအဝင်) လက်ခံရရှိသည့်ငွေပမာဏအပေါ်တွင်လည်း လက်ခံရရှိသည့် နှစ်အလိုက် မူလငှားရမ်းခကို နုတ်ပယ်ပြီး ကျသင့်သည့် ဝင်ငွေခွန်ကို ပေးဆောင်ရမည်ဖြစ်ပါသည်။

၁၃။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ပါသည်။

မင်းထွဋ်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန။

# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | တာဝန်ချထားသည့်နေရာ |
|---|---|---|---|
| (၁) | ဦးဝေဖြိုးအောင်<br>(ဘ) ဦးကျော်နိုင် | ၈/အလန (နိုင်)<br>၁၄၆၄၇၀ | မော်လမြိုင်ခရိုင်ဦးစီးမှူးရုံး<br>(မွန်ပြည်နယ်ဦးစီးမှူးရုံးတွဲဖက်) |
| (၂) | ဦးဇော်သူရ<br>(ဘ) ဦးသိန်းထွန်း | ၅/ခဥတ (နိုင်)<br>၀၅၄၈၆၄ | ညွှန်ကြားရေးမှူးချုပ်ရုံး၊ (စီမံဌာနခွဲတွဲဖက်)<br>(ရုံးချုပ်) |
| (၃) | ဦးမျိုးသီဟကျော်<br>(ဘ) ဦးသိန်းထွန်းအောင် | ၉/လဝန (နိုင်)<br>၁၉၈၈၆၉ | ဝန်ထမ်းရေးရာဌာနခွဲ (ရုံးချုပ်) |
| (၄) | ဦးကျော်ဇေယျာဝင်း<br>(ဘ) ဦးချိုလွင် | ၉/ပမန (နိုင်)<br>၂၂၄၈၅၂ | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး |
| (၅) | ဦးမင်းအောင်ခန့်<br>(ဘ) ဦးလှသန်း | ၇/ကဝန (နိုင်)<br>၁၂၀၀၆၆ | ဥတ္တရခရိုင်ဦးစီးမှူးရုံး |
| (၆) | ဦးရမ်ချွမ်းမန်<br>(ဘ) ဦးစာန်လွေး | ၄/ဟခန (နိုင်)<br>၀၃၁၆၄၀ | မင်းတပ်ခရိုင်ဦးစီးမှူးရုံး |
| (၇) | ဦးHကံထူး<br>(ဘ) ဦးဟွတ်နော် | ၉/ပမန (နိုင်)<br>၁၉၁၃၅၀ | ကျိုင်းတုံခရိုင်ဦးစီးမှူးရုံး |
| (၈) | ဦးအောင်ပြည့်ဖြိုး<br>(ဘ) ဦးတင့်ဆွေ | ၁၄/ပသန (နိုင်)<br>၂၁၇၄၀၆ | ရေကြည်မြို့နယ်ဦးစီးမှူးရုံး<br>(ဝန်ကြီးရုံးတွဲဖက်) |
| (၉) | ဦးလဖိုင်ဇော်ဂေါင်<br>(ဘ) ဦးလဖိုင်ဇော်လ | ၁/မကတ (နိုင်)<br>၁၁၈၇၅၁ | ကချင်ပြည်နယ်ဦးစီးမှူးရုံး |
| (၁၀) | ဦးဟန်ဦး<br>(ဘ) ဦးစိမ်းမောင် | ၉/အမရ (နိုင်)<br>၁၃၈၀၅၆ | ခန္တီးခရိုင်ဦးစီးမှူးရုံး၊ (စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးတွဲဖက်) |
| (၁၁) | ဒေါ်သွယ်သွယ်အောင်<br>(ဘ) ဦးမြင့်ဌေး | ၉/မခန (နိုင်)<br>၂၄၁၁၅၄ | ကယားပြည်နယ်ဦးစီးမှူးရုံး |
| (၁၂) | ဒေါ်ဟေမာန်ဦး<br>(ဘ) ဦးသန်းဝင်း | ၅/မရန (နိုင်)<br>၂၆၉၀၃၃ | သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု<br>သင်တန်းကျောင်း |
| (၁၃) | ဒေါ်ဝင်းထက်ကြည်<br>(ဘ) ဦးကြည်တင် | ၁၂/လမန (နိုင်)<br>၁၄၃၀၃၇ | ရမည်းသင်းခရိုင်ဦးစီးမှူးရုံး<br>(မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးတွဲဖက်) |
| (၁၄) | ဒေါ်ဟေဇင်ဖူး<br>(ဘ) ဦးရဲမင်းအောင် | ၁၂/ဒဂမ (နိုင်)<br>၀၂၈၈၇၉ | ဖာပွန်ခရိုင်ဦးစီးမှူးရုံး၊ (ကရင်ပြည်နယ် ဦးစီးမှူးရုံးတွဲဖက်) |
| (၁၅) | ဒေါ်နွယ်နီဇင်<br>(ဘ) ဦးစိန်ဝင်း | ၈/မကန (နိုင်)<br>၂၃၉၆၂၉ | မြင်းခြံခရိုင်ဦးစီးမှူးရုံး၊ (ရုံးချုပ်တွဲဖက်) |

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | တာဝန်ချထားသည့်နေရာ |
|---|---|---|---|
| (၁၆) | ဒေါ်သိမ့်ဆုဆုလှိုင်<br>(ဘ) ဦးခင်မောင်သန်း | ၁၂/ဗတထ (နိုင်)<br>၀၄၀၆၇၈ | ကောလင်းမြို့နယ်ဦးစီးမှူးရုံး<br>(ဝန်ကြီးရုံးတွဲဖက်) |
| (၁၇) | ဒေါ်ခိုင်ရွှေစင်<br>(ဘ) ဦးခင်မောင်လတ် | ၁၂/စခန (နိုင်)<br>၀၆၆၀၅၈ | မြောက်ဦးခရိုင်ဦးစီးမှူးရုံး<br>(ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ်<br>အကောင်ထည်ဖော်ဆောင်ရွက်ရေးကော်မတီတွဲဖက်) |
| (၁၈) | ဒေါ်တင်တင်ထွေး<br>(ဘ) ဦးကျော်ဝင်း | ၅/ကဘလ (နိုင်)<br>၁၅၁၃၄၄ | မင်းဘူးခရိုင်ဦးစီးမှူးရုံး၊ (မကွေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံးတွဲဖက်) |
| (၁၉) | ဒေါ်နန်းထက်လှိုင်<br>(ဘ) ဦးဘစံ | ၁၁/စတန (နိုင်)<br>၀၈၅၈၅၉ | မင်းလှမြို့နယ်ဦးစီးမှူးရုံး<br>(ရုံးချုပ်တွဲဖက်) |
| (၂၀) | ဒေါ်နီလာဝင်း<br>(ဘ) ဦးဉာဏ်သာ | ၈/မကန (နိုင်)<br>၁၉၄၁၄၉ | ဆိပ်ဖြူမြို့နယ်ဦးစီးမှူးရုံး<br>(ဝန်ကြီးရုံးတွဲဖက်) |
| (၂၁) | ဦးမောင်ဝင်းစိုး<br>(ဘ) ဦးရွှေစိန်ထွန်း | ၁၁/ပဏတ (နိုင်)<br>၀၆၂၉၄၈ | ဗြိုဟ်တုမှပုံရိပ်ဖမ်းယူစူးစမ်းလေ့လာမှုဌာနခွဲ<br>အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (ရုံးချုပ်) |
| (၂၂) | ဒေါ်မာလာအောင်<br>(ဘ) ဦးအောင်ဝင်း | ၁၃/လရန (နိုင်)<br>၁၆၆၆၇၆ | စီမံကိန်းရေးဆွဲရေးနှင့် စာရင်းအင်း<br>ဌာနခွဲ (ရုံးချုပ်) |
| (၂၃) | ဒေါ်နေခြည်ဝင်း<br>(ဘ) ဦးလှစိုး | ၅/မရန (နိုင်)<br>၂၄၆၀၉၉ | ဖျာပုံခရိုင်ဦးစီးမှူးရုံး၊ (ရခိုင်ပြည်နယ်<br>ဆိုင်ရာအကြံပြုချက်များအပေါ်အကောင်<br>ထည်ဖော်ဆောင်ရွက်ရေးကော်မတီတွဲဖက်) |
| (၂၄) | ဒေါ်ဇင်သူမိုး<br>(ဘ) ဦးသိန်းဝင်း | ၅/ရဘန (နိုင်)<br>၁၈၅၉၇၂ | သထုံခရိုင်ဦးစီးမှူးရုံး၊ (ရခိုင်ပြည်နယ်<br>ဆိုင်ရာအကြံပြုချက်များအပေါ်အကောင်<br>ထည်ဖော်ဆောင်ရွက်ရေးကော်မတီတွဲဖက်) |
| (၂၅) | ဦးအွန်ဆွင့်ခိုင်<br>(ဘ) ဦးနန်ဒိုးကမ်း | ၁၂/ဒဂမ (နိုင်)<br>၀၂၂၄၄၈ | ဘေးအန္တရာယ်ဆန်းစစ်အကဲဖြတ်ခြင်းနှင့်<br>အရေးပေါ်တုံ့ပြန်မှုဌာနခွဲ၊ အရေးပေါ်အခြေအနေ<br>စီမံခန့်ခွဲမှုဗဟိုဌာန (ရုံးချုပ်) |
| (၂၆) | ဒေါ်ရွှေယမင်းဦး<br>(ဘ) ဦးတင်မောင်ကြည် | ၅/ကဘလ (နိုင်)<br>၁၅၅၇၇၂ | ဗြိုဟ်တုမှပုံရိပ်ဖမ်းယူစူးစမ်းလေ့လာမှုဌာနခွဲ<br>အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (ရုံးချုပ်) |
| (၂၇) | ဦးမျိုးကို<br>(ဘ) ဦးအောင်ဝင်း | ၈/ရစက (နိုင်)<br>၁၉၈၀၇၂ | လားရှိုးခရိုင်ဦးစီးမှူးရုံး |
| (၂၈) | ဦးကျော်ဇေယျ<br>(ဘ) ဦးဝင်းမြင့် | ၄/မတပ (နိုင်)<br>၀၄၂၈၉၉ | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး |
| (၂၉) | ဦးညီညီကျော်<br>(ဘ) ဦးအောင်ကျော် | ၁/ရကန (နိုင်)<br>၀၄၂၅၁၃ | ကျောက်ဖြူခရိုင်ဦးစီးမှူးရုံး<br>(ရခိုင်ပြည်နယ်ဦးစီးမှူးရုံးတွဲဖက်) |
| (၃၀) | ဦးအောင်ဆန်းမင်း<br>(ဘ) ဦးစိန်လေး | ၁၄/ဝခမ (နိုင်)<br>၂၂၂၄၀၉ | ရခိုင်ပြည်နယ်ဦးစီးမှူးရုံး |
| (၃၁) | ဦးမင်းထိုက်<br>(ဘ) ဦးနိုင်ဝင်း (ခ)<br>ဦးကျောက်တန် | ၅/ကလဝ (နိုင်)<br>၀၅၀၆၄၇ | ချင်းပြည်နယ်ဦးစီးမှူးရုံး |
| (၃၂) | ဒေါ်အေးအေးအောင်<br>(ဘ) ဦးတင်ငွေ | ၈/ရနခ (နိုင်)<br>၁၁၂၁၇၀ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်<br>တိုင်းဦးစီးမှူးရုံး |

| **စဉ်** | **အမည်** | **နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်** | **တာဝန်ချထားသည့်နေရာ** |
|---|---|---|---|
| (၃၃) | ဒေါ်လဲ့ရည်ချို<br>(ဘ) ဦးသန်းဌေးဝင်း | ၈/ဆဖန (နိုင်)<br>၀၆၂၃၂၄ | မြောင်းမြခရိုင်ဦးစီးမှူးရုံး |
| (၃၄) | ဒေါ်သက်နှင်းစု<br>(ဘ) ဦးဟန်ဝင်း | ၈/ရနခ (နိုင်)<br>၁၃၅၉၁၁ | ဖားဆောင်းမြို့နယ်ဦးစီးမှူးရုံး<br>(ဝန်ကြီးရုံးတွဲဖက်) |
| (၃၅) | ဒေါ်ဟိဏ်းသီရိကျော်<br>(ဘ) ဦးလှဝင်း | ၉/ပမန (နိုင်)<br>၂၃၄၇၉၃ | ဟိုပန်ခရိုင်ဦးစီးမှူးရုံး<br>(ရှမ်းပြည်နယ်ဦးစီးမှူးရုံးတွဲဖက်) |
| (၃၆) | ဒေါ်နော်ကြူကြူဝေ<br>(ဘ) ဦးတင်ကြိုင် | ၁၂/မရက (နိုင်)<br>၁၄၁၇၄၁ | ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး |
| (၃၇) | ဒေါ်ခင်သူဇာမြင့်<br>(ဘ) ဦးအောင်ကျော်သန်း | ၁၁/မအန (နိုင်)<br>၀၃၇၃၉၅ | မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး |
| (၃၈) | ဒေါ်နန့်ဟီးနင်ဇီရမ်<br>(ဘ) ဦးနန့်ဟီးဒီးတန် | ၁/ပတအ (နိုင်)<br>၀၄၈၇၄၂ | ကြာအင်းဆိပ်ကြီးမြို့နယ်ဦးစီးမှူးရုံး<br>(ကရင်ပြည်နယ်ဦးစီးမှူးရုံးတွဲဖက်) |
| (၃၉) | ဒေါ်တင်ဇာဝင်း<br>(ဘ) ဦးတုတ် | ၉/လဝန (နိုင်)<br>၁၈၈၁၆၆ | ကန့်ဘလူခရိုင်ဦးစီးမှူးရုံး<br>(ဝန်ကြီးရုံးတွဲဖက်) |
| (၄၀) | ဒေါ်မေခိုင်ဆက်<br>(ဘ) ဦးခင်မောင်ဇင် | ၁၂/မဘန (နိုင်)<br>၁၄၃၅၈၆ | ပြည်ခရိုင်ဦးစီးမှူးရုံး |
| (၄၁) | ဒေါ်ဥမ္မာချမ်းမြေ့<br>(ဘ) ဦးမျိုးဆွေ | ၁၄/မမက (နိုင်)<br>၁၈၂၃၂၀ | အင်္ဂပူမြို့နယ်ဦးစီးမှူးရုံး၊ (သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်းတွဲဖက်) |
| (၄၂) | ဒေါ်သဲပြည့်ဝင်း<br>(ဘ) ဦးတင်ဝင်း | ၉/လဝန (နိုင်)<br>၂၀၀၄၃၀ | ဂြိုဟ်တုမှပုံရိပ်ဖမ်းယူစူးစမ်းလေ့လာမှုဌာနခွဲ<br>အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (ရုံးချုပ်) |
| (၄၃) | ဒေါ်သူသူဟန်<br>(ဘ) ဦးဌေးဝင်း | ၈/ရစက (နိုင်)<br>၁၈၈၂၅၀ | ဆက်သွယ်ညှိနှိုင်းရေးဌာနခွဲ<br>အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (ရုံးချုပ်) |

ဒေါက်တာကိုကိုနိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန။

## ပြန်လည်ထူထောင်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၈၀/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ (၆/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာထွန်းဇော် (မူးယစ်/လူကုန်ကူး) အား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဝင်းနိုင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြန်လည်ထူထောင်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် ( ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Notice Under Section 348 of the Myanmar Companies Law

**SHYANG JHUO YUE CO., LTD**

(In Members' Voluntary Winding-Up)

According to the Special Resolution at the General Meeting held on 21st May, 2019 at Company's Office Room and it was resolved that:

(1) **SHYANG JHUO YUE CO., LTD** be wound up voluntarily by the members with effect from 21-5-2019.

(2) Be appointed the following persons as liquidators of the Company for the purpose of winding-up.

U YE NOOS
(LL.B)
Supreme Court Advocate
LIQUIDATOR
YE NOOS & ASSOCIATES (Law Firm)
Ph: 01-203023, 01-397234-35

Ms.KO, LI-CHEN
Director
CO-LIQUIDATOR
SHYANG JHUO YUE CO., LTD

(3) The creditors of **SHYANG JHUO YUE CO., LTD** are, therefore, requested to submit their claims together with supporting legal documents to the liquidators at the address given above, latest by 21st June, 2019.

Ms. LIU, PI-LIEN
Director
SHYANG JHUO YUE CO., LTD

## CITY LIGHT COMPANY LIMITED ၏

ဖျက်သိမ်းရန် ကြေညာချက်

၁။ **CITY LIGHT COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၃-၅-၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၂၇၊ ကာယသုခလမ်း၊ (၁၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးအုန်းမောင် (LL.B) (တရားလွှတ်တော်ရှေ့နေ) [၁၂/ရကန (နိုင်) ၀၄၃၇၀၂]** အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇော်ဝင်း | ဦးအုန်းမောင် |
| မန်နေးဂျင်းဒါရိုက်တာ | တရားလွှတ်တော်ရှေ့နေ |
| CITY LIGHT COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ဂိုး(လ်) ဒဲ(န်) ဟာဘင်း(န်) ဂျား ကုမ္ပဏီလီမိတက်
## (Golden Harbinger Co.,Ltd)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မေလ (၁၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူး အစည်းအဝေးဆုံးဖြတ်ချက်အရ **ဂိုး(လ်) ဒဲ(န်) ဟာဘင်း(န်) ဂျား ကုမ္ပဏီလီမိတက် (Golden Harbinger Co.,Ltd)** အား (၁၃-၅-၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် **ဦးမြတ်လွင်မိုး [B.Com (Q), CPA]** အား **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** အဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| Aung Yee Mon | ဦးမြတ်လွင်မိုး |
| Managing Director | [B.Com (Q), CPA] |
| Golden Harbinger Co.,Ltd | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

No. 69,5th Floor, Baho Road, Hledan, Kamayut Township, Yangon, Myanmar.
Tel.: (+959) 31315611, (+959) 5066061 (+959) 73076813,
Fax: (+951) 513405 E-mail: docs@ghcl.co

## ထရက်တာ(စ်) ဝေါ(လ်) (ဒ်) ကုမ္ပဏီလီမိတက်

**(Tractors World Co.,Ltd)**

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မေလ (၁၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ထရက်တာ(စ်) ဝေါ(လ်)(ဒ်) ကုမ္ပဏီလီမိတက် (Tractors World Co.,Ltd)** အား (၁၃-၅-၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

AUNG KYAW MYINT
MANAGING DIRECTOR
TRACTORS WORLD CO.,LTD

ဦးမြတ်လွင်မိုး
[B.Com (Q), CPA]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

**YAR PYAE SHIN PYAE SERVICES CO.,LTD**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မေလ (၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **YAR PYAE SHIN PYAE SERVICES CO.,LTD** အား ၂၀၁၉ ခုနှစ်၊ မေလ (၁၄) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, CPA, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

Wai Lwin
Managing Director
Yar Pyae Shin Pyae Services Co., Ltd.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) Yar Pyae Shin Pyae Services Co., Ltd.

**IN THE MATTER OF THE MYANMAR COMPANIES ACT AND AC ORIENT COMPANY LIMITED NOTICE FOR VOLUNTARY WINDING UP UNDER SECTION 206 (1) & CLAIMS NOTICE**

At an Extraordinary General Meeting of the shareholders of the Company held at its Registered Office at No.KTA 48, Kantharyar (6) Lane, FMI City, Hlaing Thar Yar Township, Yangon, Myanmar at 9:00 am on 23-5-2019, the following resolutions were passed as Special Resolutions:

Resolved -

(1) "that the Company, be, and is hereby decided to be wound up voluntarily."

(2) "that Daw Tin Win Yu, be, and is hereby appointed Liquidator of the **AC ORIENT COMPANY LIMITED** for winding up and also authorised & be granted power to such extent and for suitable period necessary for the voluntary winding up.

And Claim Notice is also hereby issued by liquidator:

I, the under signed Liquidator of the above named company, have fixed the date for liquidation at 22-6-2019. The creditors of the above named company are requested to submit their claims together with the detail evidence of the debts and the claims after the Liquidation date will not be considered for the benefit as creditors.

Mr. Chang, Li-Hsien
Managing Director
AC ORIENT COMPANY LIMITED

Daw Tin Win Yu
Liquidator
FAMAT GROUP
Phone : 09-792233159, 01-523327

**ငွေသဲ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(NGWE THEL TRADING COMPANY LIMITED)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ
ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

အစုရှယ်ယာရှင်များ၏ (၂၃-၅-၂၀၁၉) ရက်နေ့ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ငွေသဲရောင်းဝယ်ရေးကုမ္ပဏီလီမိတက်** အား စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးပါပိုဂနီဆန် B.A (English), R.L, Advocate (Registration No. 4647)၊ တိုက်အမှတ်-စီ ၁၊ အခန်း-၀၀၅၊ နှင်းဆီလမ်း၊ ယုဇနဟိုင်းဝေးကွန်းပလက်စ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့အား ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။ ကုမ္ပဏီမှ ရရန်ပေးရန်ရှိသည်များကို (၂၄-၆-၂၀၁၉) နေ့ထက် နောက်မကျဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်သည်။

ဦးသောင်းထိုက်ထွန်း
မန်နေးဂျင်းဒါရိုက်တာ
ငွေသဲရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

U Papo Ganesan
[B.A (English), R.L]
Advocate (Registration No. 4647)
Liquidator
Khin Su Htay & Associates Legal & Tax Consultants Ltd

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၂၄-၅-၂၀၁၉။